# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၅)ရက် ၊ အင်္ဂါနေ့ ၊ (29-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)ဖွင့်ပွဲအခမ်းအနား ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၈**

"ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့်အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း"ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့်ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား




**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်
အယ်ဒီတာ့အာဘော်

# အောင်မြင်မှုအတွက် စိတ်သစ်ခွန်အားသစ်ဖြင့်ကြိုးပမ်း

အခြေခံပညာ၏ အမြင့်ဆုံးစာမေးပွဲဖြစ်သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇူလိုင် ၂၇ ရက်တွင် တစ်နိုင်ငံလုံးအတွက် တစ်ပြိုင်တည်းထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ ထုတ်ပြန်ကြေညာမှုတွင် တက္ကသိုလ်စာမေးပွဲအောင်မြင်သူများသည် အခြေခံပညာမှ အဆင့်မြင့်ပညာသင်ယူရန် တက်လှမ်းနိုင်ပြီဖြစ်သည့်အတွက် မိမိဘဝတစ်ဆစ်ချိုးကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့သူများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များစွာ လိုအပ်သောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"** ဟူသောအချက်ကို ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်က ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များလာစေရေး ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိသကဲ့သို့ မိဘ၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၇၈၉၈ ဦးဖြေဆိုခဲ့ရာ ၉၉၉၂၄ ဦးအောင်မြင်ခဲ့သည့်အတွက် အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်သည်။ ထိုသို့ဖြေဆိုရာတွင် မွန်ပြည်နယ်က အောင်ချက်အကောင်းဆုံးဖြစ်ပြီး ဒုတိယအောင်ချက်အကောင်းဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်သည်။ မွန်ပြည်နယ်စာစစ်ဌာနအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၈၉၇၂ ဦးဖြေဆိုခဲ့ရာ ၅၁၂၈ ဦးအောင်မြင်ပြီး ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ၃၇၄၆၇ ဦးဖြေဆိုခဲ့ရာ ၁၉၃၆၆ ဦးအောင်မြင်ခဲ့ပြီး ၅၁ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရာတွင် ထူးချွန်စွာအောင်မြင်သူများရှိသကဲ့သို့ ကျရှုံးသူများရှိသည်ကိုလည်းတွေ့ရှိရသည်။ ထိုသို့ ကျရှုံးသူများအနေဖြင့်လည်း စိတ်ဓာတ်မကျဘဲ ခွန်အားသစ်များဖြင့် ဆက်လက်ဖြေဆိုရန်အတွက် ကြိုးစားကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများအတွက် ဝမ်းမြောက်ရသကဲ့သို့ မအောင်မြင် သူများကလည်း စိတ်ဓာတ်မကျဘဲ ဆက်လက်ကြိုးစားစေလိုပါသည်။ လာမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စိတ်ဓာတ်မကျဘဲ စိတ်သစ်၊ ခွန်အားသစ်များဖြင့် ကျောင်းသင်ခန်းစာများကို ယခုချိန်မှစ၍အချိန်ကို အကျိုးရှိရှိအသုံးချ၍ သင်ခန်းစာများကို အပတ်တကုတ်ကြိုးစားကာ မိမိရည်မှန်းချက်ကို တက်လှမ်းနိုင်ရေး ကြိုးပမ်းရန်လိုအပ်ပေသည်။

သို့ဖြစ်ရာ မိဘများနှင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း စာမေးပွဲကျရှုံးခဲ့သော သား၊ သမီး၊ တပည့်များကို အားပေးနှစ်သိမ့်ပေးကာ ယခုပညာသင်နှစ်တွင် ထူးထူးချွန်ချွန်အောင်မြင်ရေးကြိုးစားပါက အခွင့်အလမ်းများစွာရှိပါသေးကြောင်း စိတ်ခွန်အားများပေးကြရမည်ဖြစ်ပေသည်။ အလားတူ အောင်မြင်သူများကိုလည်း အားပေးချီးမြှောက်မှုများဖြင့် ဘဝတက်လမ်းကို ဖြောင့်ဖြူးချောမွေ့အောင်လမ်းပြဖော်ဆောင်ပေးသင့်ပါသည်။ ထို့ကြောင့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် လက်ရှိအခြေအနေပေါ် ခိုင်မာသော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ကြိုးစားသွားမည်ဆိုလျှင် ဘဝ၌အောင်မြင်မှုများသည် မိမိတို့၏လက်တစ်ကမ်းတွင်ရှိနေပါသောကြောင့် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ကြိုးစားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရေချိုဘူတာကျေးရွာအုပ်စု ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ရေချိုဘူတာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေချိုဘူတာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၁ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ကို ငွေကျပ် ၅ ဒသမ ၅၅ သန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၁၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၅၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ယင်းမာပင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၅၆၄ ကေထိ စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၅၆၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၃၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၆၅၆၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ စပါးဧက ၃၀၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် မိုးသီးနှံ စပါးစိုက်ပျိုးရာသီ၌ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်မြို့နယ်တွင် ရေဘဝဲများ အရောင်းအဝယ်ကောင်းမွန်နေ



**ပုသိမ် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရေဘဝဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ပုသိမ်မြို့ ရေထွက်ကုန်ပစ္စည်းဈေးကွက်တွင်ရေဘဝဲများ ဇူလိုင်လဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ရေဘဝဲများ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပုသိမ်မြို့ရဲ့ ရေထွက်ကုန်ပစ္စည်းဈေးကွက်မှာ ရေဘဝဲတွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဝယ်လက်တွေက ကုန်ချိန်အများအပြား ဝယ်ယူဖို့ချိတ်ဆက်နေပါတယ်။ စားသုံးသူများလာတာကြောင့်လို့ သိရပါတယ်။ လက်ရှိရောင်းချနေတဲ့ ရေဘဝဲတွေက အရည်အသွေးကောင်းမွန်တယ်။ ရန်ကုန်ဈေးကွက် ဝယ်လက်တွေကဝယ်ယူတာများနေလို့ တင်ပို့အားတက်နေပါတယ်" ဟု ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၇၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၄၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသမှရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်း၊ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူထံမှ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုင်းဖြတ် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ပုံကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၅၃ သိန်းဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်ပုံကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင် ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၂၅၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့ ပဲကတိုးရပ်ကွက်နေ သား ဦးစိမ့်၊ သမီး ဒေါ်ဝါဝါမိသားစုက ကွယ်လွန်သူ အဖ ဦးညွန့်ဝေ-အမိ ဒေါ်လှရွှေ တို့အား ရည်စူး၍ ဆွမ်း၊ ဆေး၊ ရေ၊ မီး ပဒေသာပင်အတွက် ငွေကျပ် ၃၈၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၀၄၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဘုတလင် ဇူလိုင် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၀၄၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၄၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၀၄၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲစင်းငုံ ဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၄၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေး လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် ပဲစင်းငုံကို အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ပေါက်ခေါင်းမြို့နယ် ပိန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

ပေါက်ခေါင်း ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပိန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် မိသားစု ဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက ပိန်းတောကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပိန်းတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၃၅ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၃ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ သန်း ထုတ်ချေးထားကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ပြောပြ၍ သိရသည်။

သုတ

# ဓနုဖြူမြို့နယ်မှထွက်ရှိသည့် ငါးမုတ်များ အရောင်းအဝယ်ကောင်းနေ

ဓနုဖြူ ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှထွက်ရှိသည် ငါးမုတ်များ ဝယ်လိုအားကောင်းပြီး ပိဿာချိန်အများအပြား အရောင်းအဝယ်ဖြစ်နေကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်လင်းက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ ငါးမုတ်များ ဝယ်လိုအားကောင်းလာပြီး ပိဿာချိန်အများအပြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ် ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေကို ရန်ကုန်ဈေးကွက်ထဲ ပိုမိုတင်ပို့ ရောင်းချနေရပါတယ်။ လက်ရှိတစ်ရက်ကို ပျမ်းမျှ ငါးမုတ်ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဓနုဖြူမြို့နယ်က ထွက်ရှိတဲ့ ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်လင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီးစနစ်တကျ စစ်ဆေးသန့်စင်ကာ ဝယ်ယူသည့် ဒေသများကို ဆက်လက်ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှ အခြားဒေသများသို့ ဆက်လက်ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ တစ်ရက်လျှင် ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဓနုဖြူမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ငါးမုတ်များ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှု ကောင်းမွန်လာခြင်းကြောင့် ကုန်သည်များ၊ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ရှင်အဂ္ဂသမာဓိနှင့် သူ၏ပျို့ကဗျာ

ပြေအေးသက်

> ❖ ဇာတ်တော်ကြီးများကို စကားပြေဖြင့်ရေးသားသော မင်းပူး ဆရာတော် ဦးသြဘာသသည်ပင် ရှင်အဂ္ဂသမာဓိထက် ပိုလွန် ကောင်းမွန်စွာဖွဲ့ဆိုနိုင်ရန် မတတ်သာ၍ သုဝဏ္ဏသာမဇာတ်တော်ကို မရေးသားဘဲချန်ထားရစ်ခဲ့လေသည်ဟုဆိုကြသည်။ ၈၉၇ ခုနှစ်တွင် နေမိနိက္ခမခန်းပျို့ကိုရေးသားခဲ့ပြီး ၉၀၀ ပြည့်နှစ်တွင် နေမိငရဲခန်း ပျို့ကိုရေးသား၍ ၉၀၄ ခုနှစ်တွင် နေမိဘုံခန်းပျို့ကို ဆက်ရေးလေ သည်။ စာဆိုအရှင်သည် သစ်ပင်၊ ရေ၊ မြေ၊ တောတောင် စသော ဩကာသလောကကြီးကို လွမ်းဖွယ်၊ ဆွေးဖွယ်ဖြစ်အောင် နိုင်နင်းစွာ ဖွဲ့ဆိုနိုင်ခဲ့သည်။ ❖

ရှင်အဂ္ဂသမာဓိအနေဖြင့် ရှင်မဟာသီလဝံသ အောက် အသက် ၂၆ နှစ်ငယ်၍ ရှင်မဟာရဋ္ဌသာရ အောက် အသက် ၁၁ နှစ်ငယ်ကာ စာဆိုဖက်များ ဖြစ်ကြသည်။ ရှင်အဂ္ဂသမာဓိသည် ဒီပဲယင်းမြို့တောင်ဘက် ကန်ဖျားရွာ၌ ၈၄၁ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မောင်နိုးဖြစ်ပြီး တနင်္ဂနွေသားဖြစ်သည်။ ရှင်အဂ္ဂသမာဓိ၏ ခမည်းတော်ကား နတ်မောက်မြို့စား ဘယကျော်သူဖြစ်သည်။ ရှင်အဂ္ဂသမာဓိသည် ငယ်စဉ်ကပင် ကဗျာစာပေ၌ မွေ့လျော်ခဲ့ရာ နေမိငရဲခန်းပျို့နိဂုံးတွင် "ရေးကလည်းပါ၊ ဝါသနာကြောင့်၊ လင်္ကာစီဖြစ်၊ နေမိဇာစ်ကို"ဟူ၍ မိမိ၏ဝါသနာရပ်ကို ဖော်ကျူးခဲ့သည်။ ၉၀၄ ခုနှစ်တွင် နေမိဘုံခန်းပျို့ကို စပ်ဆိုပြီးသောအခါ ငယ်စဉ်က အဖြစ်သနစ်တို့ကို ပြန်ပြောင်းအောက်မေ့လျက် မကြားနိုင်တော့ပြီဖြစ်သော ခမည်းတော်ကြီးကို တမ်းတမိကြောင်း နေမိဘုံခန်းပျို့တွင် "မွေးဖခင်တည့်၊ တွေ့မြင်မျက်စိ၊ ယခုရှိ၍၊ နေမိဘုံခန်း၊ ကျမ်းထွေဆန်းကို၊ ရွှန်းရွှန်းထွေပြား၊ မကြားပရ၊ ငယ်ကဖြစ်၍၊ ရေးကျွမ်းငွေ့ကို၊ အောက်မေ့ဆဲဆဲ၊ ဝမ်းတို့ကွဲစ"ဟု ညည်းညူဖွဲ့ဆိုခဲ့ရှာသည်။

**အင်းဝပျက်သည့်နောက်**

၈၈၆ ခုနှစ် ရွှေနန်းကြော့ရှင် နရပတိလက်ထက်တွင် ရှင်အဂ္ဂသမာဓိ၏ ခမည်းတော်ဘယကျော်သူသည် မိုးညှင်းစလုံ၏သားတော် သိုဟန်ဘွားနှင့် ဆင်ချင်းစီးချင်းထိုးရာတွင် ကျရှုံးခဲ့ရရှာသည်။ ၈၈၈ ခုနှစ်တွင် အင်းဝပျက်စီးသဖြင့် ရှင်အဂ္ဂသမာဓိကို မိုးညှင်းစလုံက အင်းဝမှ အပြန်တွင်ပင့်ဆောင်သွားပြီး မြေတူးမြို့၌ ကိုးကွယ်ထားသည်။ ဆရာတော်သည် မြေတူးမြို့သို့ ရောက်ရှိသည့်အခါ ယွန်းပြည်မှ လောကီ လောကုတ္တရာအဖြာဖြာနှင့် ပြည့်စုံသော ဆရာတော်တစ်ပါးနှင့်တွေ့ကြုံကာ သုဝဏ္ဏသာမ ဇာတ်တော်ကြီးကို လင်္ကာဖွဲ့ဆိုပါရန် တိုက်တွန်းတောင်းပန်သဖြင့် သုဝဏ္ဏသျှံသစ္စာခန်းနိဂုံး၌ "နဂိုရ်ပြည်မ၊ ရွှေအင်းဝတွင်၊ ရေးကစာဟောင်း၊ မနာတောင်းလည်း၊ ရှားစောင်းတစ်ခွက်၊ ပျားတစ်စက်သို့၊ လိုက်ဖက်မသင့်၊ ကျင့်တင့်စကား၊ နားလည်းမဝင်၊ ရှိသည်မြင်သော်၊ ကျော်ထင်ဝန်းလည်၊ ယွန်းမင်းပြည်က၊ မည်ရည်လကောက်၊ ပူဇော်ရောက်သား၊ စွယ်ရောက်ညီစွာ၊ မြတ်ဆရာလျှင်၊ စိတ်ဖြာကြံစည်၊ ပညာရည်ကြောင့်၊ သာကြည်လှူလှူ၊ တောင်းပန်ပြုသော်"ဟုရေးဖွဲ့ထားလေသည်။ ထိုဆရာတော်၏ တိုက်တွန်းတောင်းပန်ချက်ဖြင့် "မဟာပဝရ၊ ရေးပုညဖြင့်" အစချီသော သုဝဏ္ဏသျှံသူဌေးခန်းကိုလည်းကောင်း၊ "ထိုတုံသရော်၊ တပည့်တော်တို့" အစချီသော သုဝဏ္ဏသျှံလေးပစ်ခန်းကိုလည်းကောင်း၊ "မဟာသမ္မတ၊ ဝံသနွယ်ရိုး"အစချီသော သုဝဏ္ဏသျှံသစ္စာခန်းကိုလည်းကောင်း မြေတူးမြို့မှာပင်ရေးသားစီကုံးလေသည်။ ဤသို့ သုဝဏ္ဏသာမဇာတ်တော်ကြီးကို သုံးခန်းခွဲ၍ပြုစုခဲ့ရာ စာပြီးနှစ်ကို "ပြီးတုံသနစ်၊ သက္ကရာဇ်လည်း၊ ရှစ်ရာ့ရှစ်ဆယ်၊ ကိုးခုဆွယ်လျက်"ဟု ဖွဲ့ဆိုထားသောကြောင့် ၈၈၉ ခုနှစ်တွင် ပြီးစီးကြောင်း သိရှိရလေသည်။ ဆရာတော်သည် သုဝဏ္ဏသျှံပျို့လင်္ကာကြီးကိုရေးသားရာ၌ မိမိကိုယ်ကိုဝင့်ဝါ၍ ရေးသားထားသည်မဟုတ်ဘဲ ယွန်းဆရာတော်ကြီးတောင်းပန်တိုက်တွန်းသောကြောင့်သာ ကျွမ်းကျင်သည်မဟုတ်သော်လည်း ရေးသားဖွဲ့စီပါကြောင်းဖြင့် "ရွယ်နုထွားထွား၊ တပည့်သားလည်း၊ များများဖွဲ့စာ၊ မကျွမ်းပါလျက်၊ သာယာပျံ့ပျူး၊ လင်္ကာကျူးသည်"ဟူ၍ နှိမ့်ချရေးသားအပ်လေသည်။

သုဝဏ္ဏသာမဇာတ်တော် လင်္ကာများကို ရေးသား ပြီးစီးချိန်တွင် မိုးညှင်းစလုံတို့ သားအဖသည်လည်း အင်းဝနေပြည်တော်သို့ ချီတက်တိုက်ခိုက်ကြသဖြင့် ရွှေနန်းကြော့ရှင် နရပတိကျရှုံးသောကြောင့် သိုဟန်ဘွားကို အင်းဝရွှေနန်းတွင်တင်ကာ စီရင်ဖွယ်များကို ပြုလုပ်ပြီးနောက် မြေတူးမြို့သို့ ပြန်လည်ရောက်ရှိချိန်ဖြစ်သည်။ ၈၈၉ ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက် (သောကြာနေ့) နံနက်အချိန်တွင် မိုးညှင်းစလုံသည် အမတ်ဗိုလ်ပါများနှင့် အတူ နန်းတော်ရှေ့ ရင်ပြင်တွင် ဆရာတော်၏ သုဝဏ္ဏသျှံလင်္ကာခန်းကို ကြားနာရသဖြင့် ကြည်ညိုသဒ္ဓါပွားတော်မူသည်။ မင်းနှင့် မိဖုရား နှစ်ပါးစလုံးကပင် ဆရာတော်ကို အထူး အားဖြင့် ဆည်းကပ်ကိုးကွယ်တော်မူကြသည်။ ငရဲခန်းပျို့နိဂုံး၌လည်း "စလုံမင်ဖျား၊ မင်းတရားလည်း၊ ဘုရားအတူ၊ မှတ်တော်မူ၏၊ ဆုယူကြွင်ဖက်၊ ဘုန်းချင်းယှက်က၊ ချစ်သက်မြဲအောင်၊ စီးပွားဆောင်လျက်၊ ရွှေရောင်ညီးညီး၊ ကမ္ဘုထီးနှင့်၊ ဘုံသီးတစ်ခြား၊ မိဖုရားလည်း၊ ငါးပါးဝန္ဒနာ၊ ကြည်ညိုစွာ၏"ဟု ဖွဲ့ဆိုခဲ့လေသည်။ ဤသို့ ကြည်ညိုလေးမြတ်တော်မူကြသဖြင့် ဆရာတော်ကို "ပိဋကတ္တယ ဝိနယဓရေ"ဟူသောဘွဲ့ကိုလည်း ချီးမြှင့်ဆက်ကပ်ကြလေသည်။

မိုးညှင်းစလုံနှင့် မိဖုရားတို့သည် မိမိတို့အတွက် ရည်ညွှန်း၍ စာပေများကို ရေးသားဖွဲ့ဆိုစေချင်ကြသည်။ တစ်ခါက ယွန်းဆရာတော် တောင်းပန်မှုကြောင့် ပျို့အခန်းခန်းကိုရခဲ့ပြီး ယခုအခါ ဒါယကာ အရင်းများအတွက်ကိုမူ စာပေတတ်ပွန်ပါလျက် မဖွဲ့စီရကောင်းလားဟုမျက်ကွယ်၌ ဆရာတော်ကို အပြစ်တင်သကဲ့သို့ ပြောကြားကြသဖြင့် ဘုရင်ကို ရည်ရွယ်သည်ကတစ်ကြောင်း၊ ဝါသနာအရ ဖွဲ့နွဲ့လိုသည်ကတစ်ကြောင်း၊ ရဟန်းရှင်လူတို့ ကြားနာစိမ့်သောငှာ တစ်ကြောင်းကြောင့် နေမိဇာတ်တော်ကြီးကို ရေးသားဖွဲ့ဆိုတော်မူလေသည်။ ထို့ကြောင့်ပင် နေမိငရဲခန်းပျို့ နိဂုံး၌လည်း "ရောင်ဝါဝင်းဝင်း၊ လင်းလင်းဝေးနီး၊ ညီးရရီးသား၊ ဇနီးမကွေ၊ မင်းနှစ်ဆွေတို့၊ ဆိုလေအရာ၊ နာလိုစွာလျက်၊ ဆရာကြည်ညွတ်၊ စာပေတတ်က၊ မြတ်ထွတ်ဘိသည်၊ ပုဂ္ဂိုလ်ရည်လျက်၊ ဘယ်မည်စာပေ၊ မဖွဲ့လေဟု၊ မချေနူတ်နက်၊ ငေါ်တငက်တည့်၊ သံမျက်မချို၊ မျက်လျှင်လိုသို့၊ တို့ကိုကွယ်ပြင်၊ အပြစ်တင်လည်း၊ သျှင်သျှင်လူလူ၊ နာစိမ့်ဟူ၍၊ လွယ်ကူမရ၊ ဖြစ်ဖူးလှသား၊ ရေးကလည်းပါ၊ ဝါသနာကြောင့်၊ လင်္ကာစီ ဖြစ်၊ နေမိဇာတ်ကို" ဟူ၍ ဖွင့်ဆိုလှစ်ပြတော်မူခဲ့သည်။

သို့ရာတွင် မိုးညှင်းစလုံသည် ဆရာတော်၏ နေမိဇာတ်တော်ပျို့များကို ကြားနာ၍ မသွားရရှာပေ။ အကြောင်းမှာ ၈၉၄ ခုနှစ်တွင် မိုးညှင်းစလုံသည် အင်းဝသို့စုန်၍ သားသိုဟန်ဘွားကို ခေါ်ပြီးလျှင် ပြည်မြို့သို့ သွားရောက်တိုက်ပွဲဆင်လေသည်။ ပြည်မြို့မှ အပြန်တွင် သိုဟန်ဘွားကို အင်းဝ၌ ထားခဲ့၍ မိုးညှင်းသို့ ဆန်တက်ခဲ့၏။ မြေတူးမြို့အလွန်တွင် ကျွန်အမတ်တို့ လုပ်ကြံသဖြင့် မိုးညှင်းစလုံ အနိစ္စရောက်ရသည်။ ဆရာတော်၏ နေမိငရဲခန်း ပျို့မှာကား ၉၀၀ ပြည့်နှစ်ရောက်မှ အဆုံးသတ် ပြီးစီးခဲ့လေသည်။ ထို့ကြောင့် စလုံမင်းမှာ ဆရာတော်၏ စေတနာအတုံ့ကိုမျှ ခံယူမသွားရရှာပေ။ ဤသို့ ခေတ်ဆိုး၊ ကာလဆိုးနှင့် ကြုံကြိုက်နေရသဖြင့် ဆရာတော်ရှင်အဂ္ဂသမာဓိသည် အလွန်ပင် စိတ်ပျက်ရှာပေသည်။ မိမိရေးသားစပ်ဆိုထားသော စာများမှာလည်း ကျော်ကြားနိုင်ခြင်းမရှိသည့်အပြင် ခေတ်ကာလ ပျက်စီးနေသဖြင့် ဘုရားဟော စာပေကျမ်းဂန်တို့ကိုလည်း ကောင်းမွန်စွာပို့ချရခြင်း မရှိတော့ပေ။

နေမိငရဲခန်းပျို့တွင် "ရွှေပြည်အင်းဝ၊ ပုဂံစသား၊ မြန်မာ့လက်နက်၊ ပျက်သောအခါ၊ ကြိုက်ဘိပါ၍၊ ငါ့စာမကျော်၊ ငါတုံသော်လည်း၊ ရှင်တော်ဟောရွတ်၊ ပိဋကတ်ကို၊ နှုတ်မှတ်ခံနား၊ တပည့်သားအား၊ တည်ကြားနိစ္စ၊ မသင်ရတည့်၊ ဘုဘမသိ၊ ဒိဋ္ဌိဝင်ကျုံး၊ နှလုံးယွင်းဖီ၊ ကံထူးပြည်ဝယ်၊ မွန်ရည်ကောင်းဖျား၊ ပတ္တမြားကို၊ ဖလားဆန်ခွက်၊ အဖိုးတွက်သို့၊ နှိုင်းချက်လေဟန်၊ တို့ရှင်မွန်လည်း၊ လွန်ရှာစနိုး၊ ကာလဆိုးကို၊ ကျိုးတပြီးကား၊ သံရှင်ဓားဖြင့်၊ လွှားလွှားစဉ်ကျ၊ ဖြတ်ချင်လှ၏"ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။ ဆရာတော်သည် ပြည်ထဲရေးမငြိမ်သက်မှုကြောင့် စိတ်မချမ်းမြေ့သော်လည်း ဝါသနာအရ ကဗျာလင်္ကာဖွဲ့စီသီကုံးရင်းဖြင့် ဖြေသိမ့်တော်မူခဲ့သည်။ နောင်အခါတွင် မိမိမွေးဖွားရာ နယ်မြေဖြစ်သော ဒီပဲယင်းမြို့သို့ ပြန်ကြွရောက်၍ တပည့်စာသင်သားတို့ကို စာပေပို့ချနေတော်မူခဲ့သည်။ ထိုအချိန်တွင် နေမိဘုံခန်းကြီးကို စပ်ဆိုတော်မူရာ ၉၀၄ ခုနှစ် တပေါင်းလတွင် ပြီးစီးခဲ့လေသည်။

**ပျို့များရေးသားပြုစုခြင်း**

မြေတူးမြို့၌ သက္ကရာဇ် ၈၈၉ ခုနှစ်တွင် သုဝဏ္ဏသျှံသူဌေးခန်း၊ လေးပစ်ခန်း၊ သစ္စာခန်းများကို ရေးသား၏။ ဇာတ်တော်ကြီးဆယ်ဘွဲ့လာ သုဝဏ္ဏသာမဝတ္ထုကို အလင်္ကာတန်ဆာဆင်၍ ရေးသည့်ပျို့များဖြစ်သည်။ တိုင်းပြည်ယိုယွင်းပျက်စီး၍ စိတ်မချမ်းမြေ့နေသော စာဆိုအရှင်သည် ထိုသုဝဏ္ဏသာမပျို့ကိုရေးရာ၌ အလွမ်းဘက်ကိုယိုင်၍ အသားပေးအမွှမ်းတင်ကာ ရေးခဲ့သည်ကိုတွေ့ရသည်။ ဇာတ်တော်ကြီးများကို စကားပြေဖြင့် ရေးသားသော မင်းပူးဆရာတော် ဦးသြဘာသသည်ပင် ရှင်အဂ္ဂသမာဓိထက် ပိုလွန် ကောင်းမွန်စွာဖွဲ့ဆိုနိုင်ရန် မတတ်သာ၍ သုဝဏ္ဏသာမဇာတ်တော်ကို မရေးသားဘဲချန်ထားရစ်ခဲ့လေသည်ဟုဆိုကြသည်။ ၈၉၇ ခုနှစ်တွင် နေမိနိက္ခမခန်းပျို့ကိုရေးသားခဲ့ပြီး ၉၀၀ ပြည့်နှစ်တွင် နေမိငရဲခန်းပျို့ကို ရေးသား၍ ၉၀၄ ခုနှစ်တွင် နေမိဘုံခန်းပျို့ကို ဆက်ရေးလေသည်။ စာဆိုအရှင်သည် သစ်ပင်၊ ရေ၊မြေ၊တောတောင်စသောဩကာသလောကကြီးကို လွမ်းဖွယ်၊ဆွေးဖွယ်ဖြစ်အောင် နိုင်နင်းစွာ ဖွဲ့ဆိုနိုင်ခဲ့သည်။ ပျို့ကဗျာဖွဲ့ရာ၌ ပါဠိစကားကိုမသုံးဘဲ မြန်မာစကားသက်သက်နှင့် စံတင်လောက်သည့် လင်္ကာမျိုးဖြစ်အောင် ပြုစုခဲ့လေသည်။ ရှင်အဂ္ဂသမာဓိသည် ၉၁၄ ခုနှစ် သက်တော် ၇၃ နှစ်တွင် ပျံလွန်တော်မူလေသည်။

**နေမိဘုံခန်းပျို့**

အင်းဝအပျက် တိုင်းပြည်ကမောက်ကမဖြစ်ချိန်တွင် ပြည်သူပြည်သားများအနေဖြင့် ကုသိုလ်တရားကို မမေ့မလျော့စေရန် လှုံ့ဆော်သောအနေဖြင့် နေမိဘုံခန်းပျို့ကို ရေးသားခဲ့ပေသည်ဟု ဆိုသည်။ နေမိဘုံခန်းပျို့ရှေ့၌ နေမိငရဲခန်းပျို့စပ်ဆိုရာတွင် သိုဟန်ဘွားလက်ထက် သာသနာမှေးမှိန်၍ လူတို့အကျင့်ပျက်လာသောကြောင့် နေမိငရဲခန်းပျို့ကို ရေးသားခဲ့သည်ဟုဆိုသည်။ နေမိဘုံခန်းပျို့တွင် သိကြားမင်းက စေခိုင်း၍ မာတလိနတ်သားက ဝေဇယန္တာနတ်ရထားဖြင့် နေမိမင်းကြီးကို နတ်ပြည် နတ်ဘုံကိုပြရာ၌ ဗီရဏီဘုံခန်း၊ သောဏဒိန်ဘုံခန်း၊ ဖလိကဝိမာနဘုံခန်း၊ ပတ္တမြားဘုံခန်း စသည်ဖြင့် နတ်ဘုံနတ်နန်းအခန်းခန်းကို ဆန်းပြားစွာဖွဲ့ဆိုထားသည်။ ဗီရဏီဘုံခန်းတွင် ဗီရဏီနတ်သမီး၏ အလှသည် အဓိကဖြစ်ရာ နေမိမင်းကြီးနှင့် ဗီရဏီနတ်သမီးတို့ တွေ့ဆုံသည့်အခန်းကို မူလဇာတ်ရိုးတွင်မပါဘဲ ဖြည့်စွက်ထည့်ထားလေသည်။ နတ်သမီးနှင့်တွေ့သည့်အခန်းတွင်"ရွှေသလွန်ထက်၊ သေန်တူရူ၊ လေညင်းယူလျက်၊ ရွှင်မူပြုံးပြုံး၊ မျက်လုံးမျက်ခွက်၊ လရောင်စက်သို့၊ နားရွက်ဖြန့်ကား၊ ညွှန့်ညွှန့်ထွားမျှ၊ မေးပါးသွယ်သပ်၊ အာစပ်ဝင်းရွှေ၊ ချေလည်းမပျောက်၊ ကြန်လျောက်နှာယောင်၊ မျက်တောင်ကော့ဖြူး၊ နဖူးပြင်လှ၊ ရင်ဝလည်းမောက်၊ ဖိတ်ဖိတ်တောက်မျှ၊ ပြောက်ပြောက်စွန်းစွန်း၊ ဆေးထင်းပန်းသို့၊ လက်သန်းလက်ချောင်း၊ ရိုးပျောင်းနုနု၊ ပီစွာထုလည်း၊ ရုပ်တုမရ"ဟူ၍ နတ်သမီးအလှကို ဖွဲ့ဆိုခဲ့သည်။

**ကြယ်ကိုဆွတ်သို့**

"ရှင်မမိုးနတ်၊ တန်ခိုးလွှတ်လျက်၊ ဖြူဆွတ်ဆွဲဆွဲ၊ ဝတ်စညွှန့်ညွှန့်၊ သရက္ခန်ရနံ့၊ သင်းသင်းပျံ့မျှ၊ နူးညံ့လှပ်လှပ်၊ ရင်အပ်တန်ဆာ၊ လည်မှာခြူးပွင့်၊ ထူးကဲဆင့်သား၊ နုရင့်ရိုးခက်၊ ပြိုးပြိုးပြက်တိ၊ ပြာညက်လဲ့လဲ့၊ နွဲ့နွဲ့နောင်းနောင်း၊ နံ့သာပျောင်းလည်း၊ လှောင်းလှောင်းအလွန့်၊ တွန့်တွန့်ကြည်းကြည်း၊ သပ်သပ်ချည်းမျှ၊ စုလည်းကေသာ၊ မြရွက်ညှာသို့၊ သွယ်ဖြာရစ်ပတ်၊ နဝရတ်တိ၊ မျက်ခတ်စိတင်၊ ရည်ရှင်ရွှင်းရွှင်း၊ ဝင်းဝင်းထိတ်ထိတ်၊ သူ့စိတ်ငါ့စိတ်၊ ယိုဘိတ်လှည့်စွာ၊ မှာမှာပျံ့ပျူး၊ မိန်းမူးခေါက်ချိုး၊ နတ်မယ်မျိုး"ဟူ၍ နတ်သမီးဗီရဏီ

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၀၄၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၀၄၆ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက် ၂၈၇၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၄၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကောလင်းခရိုင်အတွင်း ဟင်းသီးဟင်းရွက် ၂၈၇၉ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၀၄၆ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၄၇၄ ကေ၊ ဝန်းသိုမြို့နယ်တွင် ကေ ၁၀၁၁၊ ပင်လည်ဘူးမြို့နယ်တွင် ၅၆၁ ကေ စုစုပေါင်း ၂၀၄၆ ကေဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၈၉၄ ကေ၊ ဝန်းသိုမြို့နယ်တွင် ၁၄၂၄ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ၅၆၁ ကေ စုစုပေါင်း ၂၈၇၉ ကေဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်စေရန် နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

---

➢ စာမျက်နှာ ၄ မှအဆက်

အလှကိုထပ်မံဖွဲ့ဆိုပြန်ရာ ဖြူဆွတ်ကြွရွသောအဝတ်၊ စန္ဒကူးနံ့သာ အနံ့သင်းကြိုင်နေသည့် ရင်လွှမ်းတန်ဆာ၊ အရောင်ပြိုးပြက်နေသည့် လည်ဆွဲရတနာနှင့် အသားအရေမှာ ပြာညက်လဲ့လဲ့နှင့် မိန်းမူးဖွယ်ရာ နတ်မိမယ်ဟူ၍ ဖွဲ့ဆိုထားသည်။ မာတလိနတ်သားကလည်း နေမိမင်းကြီးကို အားပေးထားသည်မှာ"မင်းစောလက်ရုံး၊ ဘုန်းပဋ္ဌာန၊ ဘယ်တောင့်တအပ်၊ ယောကျ်ားတံခွန်၊ လူရည်မွန်က၊ မိုးစွန်အထွတ်၊ ကြယ်ကိုဆွတ်သို့"ဟု ဆိုထားပေသည်။

**စာဆို၏မာန်**

စာဆိုရှင်အဂ္ဂသမာဓိအနေဖြင့် ဖခင်ဖြစ်သူလည်း တိုက်ပွဲတွင်ကျဆုံးခဲ့ပြီး အင်းဝမှ မြေတူးမြို့သို့ ပြောင်းလဲသီတင်းသုံးရသော်လည်း အခက်အခဲဒုက္ခများကြားကနေ ပျို့ကဗျာ ခြောက်ပုဒ်ရေးသားခဲ့ရာ အံ့သြဘနန်းဖြစ်ရပေသည်။ ထို့ထက်မက အခြားပျို့ကဗျာများလည်း ရှိနေနိုင်သေးကြောင်းဆိုကြသည်။ ရှင်အဂ္ဂသမာဓိသည် သူ၏ပျို့များတွင် အရောင်အဆင်းရုပ်သဏ္ဍာန်ပေါ်အောင် ဖော်နိုင်ကြောင်းတွေ့ရပြီး မိန်းမပျိုဆိုလျှင် မိန်းမပျိုသဘော၊ ချစ်သူဆိုလျှင် ချစ်သူတို့သဘော အစရှိသည် ရေးဖွဲ့ရမည့်သူတို့နှင့် အကြောင်းအရာတို့၏ သဘောကို ပေါ်လွင်အောင် ရေးဖွဲ့နိုင်သည်မှာ ပန်းချီဆရာ၏ ဉာဏ်နှင့်တူပြီး ရုပ်လုံးဖော်ခြင်းနှင့် အရောင်စပ်ခြင်းတို့၌ တစ်မူထူးခြားသော အစွမ်းအစရှိလှသည့် ကလောင်တစ်ချောင်းဖြစ်ကြောင်း နှောင်းလူတို့ မှတ်ယူရပေသည်။ စာဆိုရှင်အဂ္ဂသမာဓိသည် သက်ရှိလောကနှင့် သက်မဲ့လောကတို့၏ အပြင်သဘောသာမက အတွင်းသဘောပါပြသခဲ့ပြီး ပျို့ကို လွမ်းစရာ၊ ကြည်နူးစရာဖြစ်အောင် ဖွဲ့သီနိုင်သော စံဆရာတစ်ဆူအနေဖြင့် မှတ်ယူရပေတော့သည်။

**ကိုးကား**

**၁။ ရှင်အဂ္ဂသမာဓိ၏ နေမိဘုံခန်းပျို့**

**၂။ ဇော်ဂျီ၏ ရသစာပေနိဒါန်း**

**၃။ မြန်စာဂုဏ်ကျော်မြင့်၏ စာပေရိပ်မွန်၊ စာပေတာဝန်**

---

## အောင်စိတ်ကိုမွေး

\- ဘဝကို အရှုံးမပေးနဲ့
အပြုံးလေး ရှေ့မှာဆောင်၊
လောကစံ ဘယ်သို့ကြမ်းလည်း
မောပန်းမှုရှောင်၊
ခွဲလုံ့လ ပျိုးတည်ထောင်
လူတို့ဘောင် အစဉ်လှုပ်ရှား၊
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လှမ်းလျှောက်စို့လား။

\- ကျရှုံးသော် မည်ည်းတွားနဲ့
အားမာန်သစ် စိုက်ထူကာ၊
အချိန်တွေကို တန်ဖိုးထား
နိုးကြားစိတ်မှာ၊
အသိသတိ ဉာဏ်ယှဉ်ကာ
အမှန်မြင်ပါ ဘဝလမ်း၊
ပျော်ရွှင်စွာ စိတ်မညစ်နဲ့ကွယ်
ထုဆစ်အောင်ပန်း။

\- စိတ်သန္တာန် မညှိုးနွမ်းဘဲ
တန်ခိုးလွှမ်း လှူဌာနေ၊
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်စဉ်ပေ၊
တန်ဖိုးရှိ လူသားအခြေ
ဖြစ်ဖို့လေ ရည်မျှော်မနေး၊
သတ္တိပြောင် အရောင်ဖိတ်လို့
အောင်စိတ်ကိုမွေး။ ။

ရဲသွေးနီ(တက်ဝန်)

---

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ရုရှားရေတပ်ဖွဲ့စည်းတည်ထောင်မှု အထိမ်းအမှတ်အခမ်းအနား စိန့်ပီတာစဘတ်မြို့၌ကျင်းပ သမ္မတပူတင် တက်ရောက်မိန့်ခွန်းပြောကြား



**မော်စကို ဇူလိုင် ၂၈**

ရုရှားရေတပ်ဖွဲ့စည်းတည်ထောင်မှုအထိမ်းအမှတ် အခမ်းအနားကို စိန့်ပီတာစဘတ်မြို့၌ ဇူလိုင် ၂၇ ရက်တွင် ကျင်းပခဲ့ရာ ရုရှားသမ္မတပူတင်ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတ ပူတင်သည် ဇူလိုင် ၂၇ ရက်တွင် စိန့်ပီတာစဘတ်မြို့ရှိ သမိုင်းဝင်ရေတပ် အခြေစိုက်စခန်းသို့ရောက်ရှိခဲ့ပြီး ဗီဒီယိုမိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စိန့်ပီတာစဘတ်မြို့သည် အစဉ်အလာအရ ရုရှားရေတပ်ဖွဲ့စည်းတည်ထောင်မှု အထိမ်းအမှတ် အခမ်းအနားများကို ရေတပ်စစ်ရေးပြပွဲများနှင့် ခမ်းနားစွာ ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင် အတိုင်းအဆများစွာ လျှော့ချ၍ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှားရေတပ် ဖွဲ့စည်းတည်ထောင်မှု အထိမ်းအမှတ် အခမ်းအနား ကျင်းပသည့်နေ့တွင် ယူကရိန်းတပ်များက မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ရာ စိန့်ပီတာစဘတ်မြို့၏ အဓိက လေဆိပ်တစ်ခု ငါးနာရီကြာပိတ်ထားခဲ့ရကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက်တွင် ရုရှား လေကြောင်းရန်ကာကွယ်ရေးတပ်များအနေဖြင့် ယူကရိန်းမောင်းသူမဲ့ လေယာဉ် ၂၉၁ စင်းကို ပစ်ချခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ယူကရိန်းမောင်းသူမဲ့ လေယာဉ်များအနက် ၁၀ စင်းမှာ စိန့်ပီတာစဘတ်မြို့နယ်မြေ၌ ပစ်ချခဲ့ရခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : RT

Trs : KKO

# ထိုင်းနှင့်ကမ္ဘောဒီးယားခေါင်းဆောင်များ ခြွင်းချက်မရှိအပစ်အခတ်ရပ်စဲရန် သဘောတူ

**ကွာလာလမ်ပူ ဇူလိုင် ၂၈**

လက်ရှိဖြစ်ပွားနေသော နယ်စပ်ပဋိပက္ခများကို အဆုံးသတ်၍ အပစ်အခတ်ရပ်စဲရန် ထိုင်းဝန်ကြီးချုပ် ဗီချာယာချိုင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်တို့က ယနေ့တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

မလေးရှားနိုင်ငံ ပူထရာဂျာယာမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် ချက်ချင်းခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲရန် ထိုင်းနှင့် ကမ္ဘောဒီးယား ခေါင်းဆောင်များက သဘောတူထားကြကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ကြေညာခဲ့သည်။

ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ်ပဋိပက္ခများ ပဉ္စမမြောက်နေ့သို့ ဝင်ရောက်လာချိန်တွင် ထိုင်းဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့က မလေးရှားနိုင်ငံ၌ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲကျင်းပခဲ့ခြင်းဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား လက်ရှိဖြစ်ပွားနေသည့် နယ်စပ်ပဋိပက္ခများ ငါးရက်တာကာလအတွင်း ဝင်ရောက်လာချိန်တွင် ထိုင်းဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယား ဝန်ကြီးချုပ်တို့က မလေးရှားနိုင်ငံ၌ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ကျင်းပခဲ့ခြင်းဖြစ်သည်။

လက်ရှိဖြစ်ပွားနေသည့် ထိုင်းနှင့် ကမ္ဘောဒီးယား နယ်စပ်ပဋိပက္ခများသည် ဇူလိုင် ၂၄ ရက်တွင် စတင်ဖြစ်ပွားခဲ့သည်။

အဆိုပါ နယ်စပ်ပဋိပက္ခများကြောင့်အနည်းဆုံးနှစ်ဖက်ပြည်သူ ၃၅ ဦးသေဆုံး၍ နယ်စပ်နေပြည်သူဦးရေ၂၇၀၀၀၀ကျော် နေရပ်မှ စွန့်ခွာထွက်ပြေးခဲ့ကြသည်။

နယ်စပ်ချင်း အရှည်မိုင် ၅၀၀ ကျော်ထိစပ်နေသည့် ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ရှေးယခင်ကလည်း နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ဆီးရီးယားလွှတ်တော်ရွေးကောက်ပွဲများ ယခုနှစ် စက်တင်ဘာလအတွင်း ကျင်းပနိုင်

**ဒမတ်စကတ် ဇူလိုင် ၂၈**

ဆီးရီးယားနိုင်ငံသည် လက်ရှိအစိုးရသစ်လက်ထက် ပထမဆုံး လွှတ်တော်ရွေးကောက်ပွဲကို ယခုနှစ်စက်တင်ဘာလအတွင်း ကျင်းပနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆီးရီးယား လွှတ်တော်ရွေးကောက်ပွဲများကို စက်တင်ဘာ ၁၅ ရက်နှင့် ၂၀ ရက်ကြား ကျင်းပရန် စီစဉ်ထားကြောင်း ဆီးရီးယားရွေးကောက်ပွဲကော်မရှင်အကြီးအကဲ မိုဟာမက်တာဟားက နိုင်ငံပိုင် မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ဆီးရီးယား ပြည်သူ့လွှတ်တော်သစ်တွင် လွှတ်တော်အမတ် ၂၁၀ ပါဝင်မည်ဖြစ်ပြီး သုံးပုံတစ်ပုံကို ဆီးရီးယားယာယီသမ္မတ အာမက် အယ်လ်ရှာရားက ရွေးချယ်ခန့်အပ်၍ ကျန်လွှတ်တော်အမတ်များကို ရွေးကောက်ပွဲများဖြင့် ရွေးချယ်တင်မြှောက်မည်ဖြစ်သည်။

လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရေးလုပ်ငန်းစဉ်ကို စောင့်ကြည့်ရေးအတွက် ပြည်ပလေ့လာသူများကို ခွင့်ပြုချက်ပေးမည် ဖြစ်ကြောင်း ဆီးရီးယားအစိုးရက ကြေညာထားသည်။

ရွေးကောက်ပွဲများဖြင့် ပေါ်ထွက်လာမည့်လွှတ်တော်သစ်တွင် ပိုမိုကျယ်ပြန့်သည့် ဒီမိုကရေစီလုပ်ငန်းစဉ်များအတွက် အခြေခံချပေးနိုင်ဖွယ်ရှိသည်။

ဆီးရီးယားနိုင်ငံ တောင်ပိုင်း ဝီဒါဒေသ၌ ဒရုဇ်လူမျိုးစုများနှင့် ဘီဒိုးအင်းလူမျိုးများကြား ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပမည့် အစီအစဉ်ကို ဆီးရီးယားအစိုးရက ကြေညာထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်း၌ ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွား

**ဘာလင် ဇူလိုင် ၂၈**

ဂျာမနီနိုင်ငံ အနောက်တောင်ပိုင်း၌ ခရီးသည်တင်ရထားတစ်စင်း လမ်းချော်ခဲ့ရာ လူပေါင်း သုံးဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင် ၂၇ရက် သတင်းများ၌ ရေးသားဖော်ပြထားသည်။

အဆိုပါ ခရီးသည်တင်ရထားလမ်းချော်မှုသည် ရိုင်လင်ဂျင် အမည်ရှိ မြို့နှင့် မန်ဒါကင်အမည်ရှိ မြို့တို့ကြား ရထားလမ်းပေါ်၌ ဇူလိုင် ၂၇ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လမ်းချော်မှုကြောင့် ရထားတွဲနှစ်စင်း သံလမ်းမှလွတ်ထွက်၍ တိမ်းမှောက်ခဲ့ရပြီး လိုက်ပါလာသူများအနက် သုံးဦးသေဆုံးခဲ့ရပြီး ၄၁ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း ဂျာမနီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရထားလမ်းချော်မှုဖြစ်ပွားချိန်တွင် အဆိုပါရထားပေါ်၌ လူပေါင်း ၁၀၀ကျော် လိုက်ပါလာကြောင်း ဒုချ်ဘန်းရထားကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဇူလိုင် ၂၇ ရက် ရထားလမ်းချော်မှုသည် သံလမ်းနံဘေးရှိ မြေသားနံရံမြေပြိုမှုကြောင့် ဖြစ်ပွားခဲ့ရခြင်း ဖြစ်နိုင်ကြောင်း ဂျာမနီရဲတပ်ဖွဲ့က ယူဆထားသည်။

ရထားတွင်ရှိသည့် ပြဿနာတစ်ရပ်ရပ်ကြောင့် လမ်းချော်မှုဖြစ်ပွားခဲ့ရခြင်း မဟုတ်နိုင်ဘဲ မြေပြိုမှုကြောင့်သာ လမ်းချော်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဂျာမနီရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

# ယခုနှစ် မလေးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မလေးရှားဗဟိုဘဏ် ပြန်လည်လျှော့ချ

**ကွာလာလမ်ပူ ဇူလိုင် ၂၈**

မလေးရှားနိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းခန့်မှန်းချက်ကို မလေးရှားဗဟိုဘဏ်က ယနေ့တွင် ပြန်လည်လျှော့ချခဲ့သည်။

မလေးရှားနိုင်ငံ၏ ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ လေးရာခိုင်နှုန်းမှ၄ ဒသမ ၈ရာခိုင်နှုန်းထိရှိနိုင်ကြောင်း မလေးရှားဗဟိုဘဏ်က သတင်းထုတ်ပြန်ထားသည်။

မလေးရှား ဗဟိုဘဏ်သည် မလေးရှားနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ဒသမ ၅ ရာခိုင်နှုန်းထိရှိနိုင်ကြောင်း ယခင်ကခန့်မှန်းထားသည်။



မလေးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ အားကောင်းနေဆဲဖြစ်သော်လည်း ကမ္ဘာ့စီးပွားရေးအခြေအနေများ မရေမရာဖြစ်နေမှု၏အကျိုးသက်ရောက်မှုများကို ခံစားနေရဆဲဖြစ်ကြောင်း မလေးရှား ဗဟိုဘဏ်က သုံးသပ်ထားသည်။

မလေးရှားနိုင်ငံ အနေဖြင့် ဩဂုတ် ၁ ရက် အရောက်တွင် အမေရိကန်အစိုးရနှင့် သဘောတူညီချက်မရယူနိုင်ခဲ့ပါက မလေးရှားပို့ကုန်များအနေဖြင့် အမေရိကန်နိုင်ငံ၏ ၂၅ ရာခိုင်နှုန်းအခွန်စည်းကြပ်မှုနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

လက်ရှိအချိန်တွင် မလေးရှား အစိုးရသည် ပို့ကုန်များအခွန်စည်းကြပ်ခံရမည့်အရေးကို ရှောင်ရှားရေးအတွက် အမေရိကန်တာဝန်ရှိသူများနှင့် ဆွေးနွေးနေရဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အာရီယာနီစပေ့စ်ကုမ္ပဏီက ကာဗွန်ဒိုင်အောက်ဆိုက်ပျံ့နှံ့မှုမြေပုံရေးဆွဲရေး ဂြိုဟ်တုတစ်စင်းနှင့် ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုလေးစင်းတို့ကို လွှတ်တင်ခဲ့




ပါရီ ဇူလိုင် ၂၈

ပြင်သစ်နိုင်ငံအခြေစိုက် အာရီယာနီစပေ့စ်ကုမ္ပဏီသည် ကာဗွန်ဒိုင်အောက်ဆိုက်ပျံ့နှံ့မှု မြေပုံရေးဆွဲရေးဂြိုဟ်တု တစ်စင်းနှင့် ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုလေးစင်းတို့ကို ဇူလိုင် ၂၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်တုငါးစင်းကို ဗီဂါ စီဒီုံးပျံဖြင့် တောင်အမေရိက ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၅၇ မိနစ်အကြာတွင် ဗီဂါစီဒုံးပျံသည် CO3D အမည်ရှိ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုလေးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းဂြိုဟ်တုလေးစင်းကို ပတ်လမ်းပေါ်ပို့ဆောင်ပြီး ၄၄ မိနစ်အကြာတွင် Microcarbအမည်ရှိ ကာဗွန်ဓာတ်ငွေ့ပျံ့နှံ့မှု လေ့လာရေးဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ဆက်လက်ပို့ဆောင်နိုင်ခဲ့သည်ဟု အာရီယာနီစပေ့စ် ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဗီဂါစီဒုံးပျံသည် CO3D ကမ္ဘာမြေလေ့လာရေးဂြိုဟ်တု လေးစင်းကို ကမ္ဘာမြေအထက် ၃၁၂ မိုင် အကွာရှိပတ်လမ်းပေါ်သို့ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး Microcarb ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ၄၀၄ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့သည်။

ဇူလိုင် ၂၆ ရက် မစ်ရှင်သည် ဗီဂါစီဒုံးပျံများ၏ ပဉ္စမမြောက် အာကာသမစ်ရှင် ဖြစ်သည်ဟု အာရီယာနီစပေ့စ် ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ကြာသပတေးဂြိုဟ်ရေခဲဂြိုဟ်ရံလများ လေ့လာရေးအာကာသယာဉ်(ဂျူ့စ်)က စူးစမ်းလေ့လာရေးကင်မရာစနစ်တစ်ခုကို စမ်းသပ်သည့်အနေဖြင့် လကမ္ဘာကိုဓာတ်ပုံများရိုက်ကူးခဲ့

ပဲရစ် ဇူလိုင် ၂၈

ဥရောပ အာကာသအေဂျင်စီ၏ ကြာသပတေးဂြိုဟ် ရေခဲဂြိုဟ်ရံလများ လေ့လာရေးအာကာသယာဉ်(ဂျူ့စ်)သည် စူးစမ်းလေ့လာရေးကင်မရာစနစ်တစ်ခုကို စမ်းသပ်သည့်အနေဖြင့် လကမ္ဘာကို ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

ဂျူ့စ် အာကာသယာဉ်သည် ကြာသပတေးဂြိုဟ် စနစ်ဆီသို့ ပျံသန်းနေစဉ် RIME အမည်ရှိ ကင်မရာစနစ်ဖြင့် လကမ္ဘာကို ဓာတ်ပုံများ စမ်းသပ်ရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂျူ့စ် အာကာသယာဉ်သည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် လကမ္ဘာကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ရာ ထိုစဉ်ကာလအတွင်း RIME ကင်မရာစနစ်ဖြင့် လမျက်နှာပြင်ကို ဓာတ်ပုံများရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ လကမ္ဘာကို အနီးကပ်ဖြတ်ကျော်စဉ် ဂျူ့စ်အာကာသယာဉ် စူးစမ်းလေ့လာရေးစနစ်အားလုံးကို ရှစ်မိနစ်ကြာပိတ်ကာ RIME ကင်မရာစနစ်တစ်ခုတည်းကိုသာသုံး၍ လကမ္ဘာကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်သည်။



ဂျူ့စ် အာကာသယာဉ်သည် ၂၀၃၁ ခုနှစ် ဇူလိုင်လအတွင်း ကြာသပတေးဂြိုဟ်စနစ်အတွင်း ဝင်ရောက်နိုင်ဖွယ် ရှိကြောင်း ဥရောပအာကာသအေဂျင်စီ အဆိုအရ သိရသည်။

ကြာသပတေးဂြိုဟ်စနစ်အတွင်း ဝင်ရောက်နိုင်ချိန်တွင် ဂျူ့စ် အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ဂါနီမီဒါဂြိုဟ်ရံလ၊ ယူရိုပါဂြိုဟ်ရံလနှင့် ကယ်လစ္စတိုဂြိုဟ်ရံလတို့ကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နိုင်ငံတကာအာကာသစခန်းသို့ သွားရောက်ကြမည့် အာကာသယာဉ်မှူးလေးဦး ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ ရောက်ရှိလာပြီဖြစ်

ဝါရှင်တန် ဇူလိုင် ၂၈

Crew-11 မစ်ရှင်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်ကြမည့် အာကာသယာဉ်မှူးလေးဦးတို့သည် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X ကုမ္ပဏီတို့သည် Crew-11 မစ်ရှင်အရ အာကာသယာဉ်မှူး လေးဦး လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဇူလိုင် ၃၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

Crew-11 မစ်ရှင်တွင် နာဆာ အာကာသယာဉ်မှူး နှစ်ဦး၊ ရုရှား အာကာသယာဉ်မှူး တစ်ဦးနှင့် ဂျပန်အာကာသယာဉ်မှူး တစ်ဦးတို့ လိုက်ပါသွားမည်ဖြစ်သည်။

လွှတ်တင်ပြီးနောက် အဆိုပါ အာကာသယာဉ်မှူး လေးဦး လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဩဂုတ် ၂ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်မည်ဖြစ်သည်။

Crew-11 မစ်ရှင် အာကာသယာဉ်မှူးလေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ခြောက်လကြာ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## HRT ကုထုံးသုံးစွဲခဲ့သူ အမျိုးသမီးများ အရိုးများကျိုးအက်နိုင်ခြေ မြင့်မားလာနိုင်

လန်ဒန် ဇူလိုင် ၂၈

ဟော်မုန်းအစားထိုး ကုထုံး (HRT) ရယူသုံးစွဲခဲ့သူ အမျိုးသမီးများ၌ အရိုးများကျိုးအက်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

ဖြိတိန်နိုင်ငံ နော့သင်ဟမ် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် HRT ကုထုံးသုံးစွဲသူ အမျိုးသမီးများပါဝင်သည့် အမျိုးသမီးခြောက်သန်းခန့်တို့၏ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ HRT ကုထုံး ရယူမှု ရပ်ဆိုင်းလိုက်ချိန်တွင် အရိုးကျိုးအက်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

HRT ကုထုံးကြောင့် ယာယီအားဖြင့် အရိုးများကျိုးအက်နိုင်ခြေကျဆင်းမှု ရရှိခံစားနိုင်သည်။ သို့သော် အဆိုပါခံစားမှုမှာ တစ်နှစ်အတွင်း ပျောက်ကွယ်သွားနိုင်ပြီး HTR ကုထုံးမရယူဖူးသူ အမျိုးသမီးများနှင့်နှိုင်းယှဉ်ပါက အရိုးများ ကျိုးအက်နိုင်ခြေ ပြန်လည်မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဓမ္မတာရာသီ ကုန်ဆုံးသွားသည့် အမျိုးသမီးအားလုံးတို့သည် အက်ထရိုဂျင်ခေါ် ဟော်မုန်းတစ်မျိုး ကျဆင်းသွားတတ်ပြီး စိတ်ကျန်းမာရေးပြဿနာများနှင့် အရိုးများ အားနည်းလာခြင်းကဲ့သို့ အသက်အရွယ်နှင့် ဆက်စပ်နေသော ရုပ်ကျန်းမာရေးပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## တစ်ရက်လျှင်ခြေလှမ်း ၇၀၀၀ ထိ လမ်းလျှောက်ပါက Dementia နှင့် နှလုံးရောဂါများဖြစ်နိုင်ခြေ လျော့ကျနိုင်

ကင်ဘာရာ ဇူလိုင် ၂၈

တစ်ရက်လျှင် ခြေလှမ်း ၇၀၀၀ ထိ လမ်းလျှောက်ပေးပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်နိုင်ခြေ၊ နှလုံးရောဂါများနှင့်ကင်ဆာရောဂါအချို့ ဖြစ်နိုင်ခြေများလျော့ကျနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ နေ့စဉ်ခြေလှမ်း ၇၀၀၀ ထိ လမ်းလျှောက်ပေးခြင်းဖြင့် Dementiaရောဂါဖြစ်နိုင်ခြေကို ၃၈ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် တစ်ရက်လျှင် ခြေလှမ်း ၇၀၀၀ ထိ လျှောက်ပေးခြင်းဖြင့် နှလုံးရောဂါများဖြစ်နိုင်ခြေကို ၂၅ ရာခိုင်နှုန်း လျှော့ချပေးနိုင်ပြီး ကင်ဆာရောဂါများ ဖြစ်နိုင်ခြေလည်း ခြောက်ရာခိုင်နှုန်း ပိုနည်းပါးသွားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် နှလုံးရောဂါ Dementia နှင့် ကင်ဆာရောဂါဖြစ်နိုင်ခြေများကျဆင်းမှုနှင့် လမ်းလျှောက်ခြင်းတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက အတိအကျ ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

သို့ရာတွင် လမ်းလျှောက်ခြင်းသည် ဟော်မုန်းပေါ်ထွက်မှုအဆင့်ကို ထိန်းညှိပေးနိုင်ပြီး အထက်ပါ ရောဂါများနှင့် ဆက်စပ်နေသော အဝလွန်မှုပြဿနာပေါ်နိုင်ခြေကို လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## အေစီမီလန်ခံစစ်ကစားသမား အယ်မာဆန် ဖလာမင်ဂိုအသင်းသို့ ပြောင်းရွှေ့

မီလန် ဇူလိုင် ၂၈

အေစီမီလန် အသင်းသည် အသင်းမှ ဘယ်တောင်ပံခံစစ်ကစားသမားသီအိုဟာနန်ဒက်စ်ကို အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် ညာတောင်ပံခံစစ်ကစားသမား အယ်မာဆန်ကိုလည်း ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား အယ်မာဆန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက စပါးအသင်းမှ အေစီမီလန်အသင်းသို့ အပိုဆုကြေး ယူရိုနှစ်သန်းနှင့် ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် စီးရီးအေပြိုင်ပွဲတွင် ပြိုင်ပွဲစုံ ၁၇ ပွဲထိ ပါဝင်ခွင့်ရကာ ၁၆ ပွဲထိ ပွဲထွက်ခွင့်ရခဲ့သော်လည်း အသင်းအနေဖြင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် အဆင့်(၈)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး ဥရောပပြိုင်ပွဲကစားခွင့် ဆုံးရှုံးခဲ့သည်။

၎င်းသည် အေစီမီလန်နည်းပြဖွန်စီကာ လက်ထက်တွင်သာ ပုံမှန်ပွဲကစားခွင့် ရရှိခဲ့သူဖြစ်ပြီး တံကောက်ကြောဒဏ်ရာကြောင့် ငါးလနီးပါးထိ အနားယူခဲ့ရပြီးနောက် ဒုတိယရာသီဝက်ကာလတွင် အသင်းတာဝန်ရှိသူများက ၎င်းနေရာတွင် မန်စီးတီးကစားသမား ဝေါ်လ်ကာနှင့် အစားထိုးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ခံစစ်ကစားသမား အယ်မာဆန်သည် အသင်းနှင့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း နည်းပြသစ်အယ်လီဂရီ၏ အနာဂတ်စီမံကိန်းတွင် ပါဝင်ခဲ့ခြင်းမရှိသည့်အတွက် မွေးရပ်မြေ ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး ဖလာမင်ဂိုအသင်းက ၎င်းအတွက် ပြောင်းရွှေ့ကြေး ယူရိုကိုးသန်း အသုံးပြုခဲ့ကြောင်း သိရသည်။

အယ်မာဆန်သည် ကစားသမားဘဝကို ဘရာဇီးကလပ် ပွန်တီပရီတာအသင်းနှင့် စတင်ခဲ့ပြီးနောက် အက်သလက်မင်နဲရိုးအသင်းတွင် ကစားခဲ့ပြီးနောက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း အသင်းတွင် ကစားခွင့်မရဘဲ ဘက်တစ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

Ref : Fotmob

Trs : ML



## ၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အင်္ဂလန်အမျိုးသမီးအသင်း ချန်ပီယံဆု ဆွတ်ခူး




လန်ဒန် ဇူလိုင် ၂၈

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အင်္ဂလန်အမျိုးသမီးအသင်းက စပိန်အမျိုးသမီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့ပြီး နှစ်ကြိမ်ဆက်တိုက် ယူရိုချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် စပိန်အမျိုးသမီးအသင်းသည် ပြိုင်ပွဲတစ်လျှောက် ပြိုင်ဘက်အသီးသီးကို အသာစီးရယူ၍ ဗိုလ်လုပွဲသို့ ရောက်ရှိလာခဲ့သဖြင့် ဗိုလ်စွဲရန် ရေပန်းစားနေသကဲ့သို့ အင်္ဂလန်အမျိုးသမီးအသင်း အနေဖြင့် ရှုံးထွက်ပွဲစဉ်များတွင်သာ ပြိုင်ဘက်များကို အစွမ်းကုန်ကြိုးပမ်း၍ နိုင်ပွဲရယူနိုင်ခဲ့သောကြောင့် စပိန်အသင်းနှင့်ပွဲစဉ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရသည်။

ဗိုလ်လုပွဲစဉ်တွင် စပိန်အသင်းက ပွဲစကတည်းက ဖိအားပေး ကစားနိုင်ခဲ့သော်လည်း အင်္ဂလန်အသင်းက အကောင်းဆုံး ထိန်းချုပ်၍ တန်ပြန်တိုက်စစ်ဖြင့် တုံ့ပြန်ခဲ့ရာ ပွဲကစားချိန် မိနစ် ၂၀ တွင် လော့ရန်ဟမ့် အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း စပိန်ဂိုးသမား ကာကွယ်မှုကြောင့် ဦးဆောင်ဂိုးနှင့်လွဲချော်ခဲ့ရပြီးနောက် ပွဲချိန် ၂၅ မိနစ်တွင် စပိန်အသင်းတိုက်စစ်မှူး မာရီအိုနာက ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုးသွင်းယူ၍ ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် တိုက်စစ်ဖွင့်ကစားလာသည့် အင်္ဂလန်အသင်းကြောင့် စပိန်အသင်း ဖိအားပေးခံခဲ့ရကာ ပွဲချိန် ၅၇ မိနစ်တွင် ရက်ဆိုက ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး စပိန်အသင်းအနေဖြင့် ဦးဆောင်ဂိုးရရှိရန် တိုက်စစ်မြှင့်တင်ခဲ့သော်လည်း အင်္ဂလန်အသင်းက ခံစစ်ကစားပုံပြောင်းလဲ၍ တန်ပြန်တိုက်စစ်ဖြင့်သာ ပြန်လည်တုံ့ပြန်ခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် နှစ်သင်းစလုံး ဂိုးမရခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ အင်္ဂလန်အသင်းက ဂိုးသမား ဟမ်တန်၏ ကာကွယ်မှုများကြောင့် သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး နှစ်ကြိမ်ဆက် ယူရိုချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## အဲဗာတန်အသင်းအနေဖြင့် ကစားသမားခြောက်ဦးထိ ထပ်မံခေါ်ယူရန်လိုအပ်ကြောင်း နည်းပြမိုယက်စ် ပြောကြား

လန်ဒန် ဇူလိုင် ၂၈

အဲဗာတန်အသင်းသည် ယခုလအစောပိုင်းက ဗီလာရီးရဲလ်အသင်းတိုက်စစ်မှူး ဘာရီကို စတာလင်ပေါင် ၂၇ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ကစားသမားသစ် ခြောက်ဦးထိ ထပ်မံခေါ်ယူရန် လိုအပ်နေကြောင်း နည်းပြမိုယက်စ်က ပြောကြားခဲ့သည်။

အဲဗာတန်အသင်း အနေဖြင့် လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ခံစစ်ကစားသမား မိုက်ကယ်ကိန်း၊ တိုက်စစ်မှူး ကယ်ဘက်လေဝင်၊ ဟိုးလ်ဂိတ်၊ ကွင်းလယ်ကစားသမား ဒိုကိုရီ၊ ဂိုးသမားဘီဂိုဗစ်၊ ခံစစ်ကစားသမား အက်ရှလေယန်းတို့အပါအဝင် ကစားသမား ရှစ်ဦးထိ လက်လွှတ်ခဲ့သဖြင့် ကစားသမားသစ် ထပ်မံခေါ်ယူမှုပြုလုပ်ခဲ့ရာ ဂိုးသမား ထရာဘာ၊ ခံစစ်ကစားသမား အယ်ကာရက်ဇ်နှင့် တိုက်စစ်မှူးဘာရီတို့ကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် ဝါရင့်နည်းပြမိုယက်စ်က အသင်းအနေဖြင့် အနည်းဆုံး ကစားသမား ၁၀ ဦးထိ ခေါ်ယူရန် ဆုံးဖြတ်ထားသဖြင့် လက်ရှိတွင် ကစားသမား သုံးဦးကိုသာ ခေါ်ယူနိုင်ခဲ့ကာ ဘိုင်ယန်မြူးနစ်အသင်းမှ ခံစစ်ကစားသမား အက်ဇ်နီကို ခေါ်ယူရန် သဘောတူညီမှုရခဲ့သော်လည်း နောက်ထပ် ကစားသမားခြောက်ဦးထိ ထပ်မံခေါ်ယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဲဗာတန်အသင်း အနေဖြင့် အမေရိကန် ခရီးစဉ်မတိုင်မီခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာတွင် စတန်လေးအသင်းကို တစ်ဂိုးစီ သရေ၊ ဘလက်ဘန်းအသင်းကို တစ်ဂိုး ဂိုးမရှိ၊ ဘုန်းမောက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နည်းပြမိုယက်စ်က အသင်းကစားသမား အင်အားဖြည့်တင်းရန် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : SI

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက အသင်းနှင့် စာချုပ်တစ်နှစ်ကျန်ရှိသေးသည့် ကွင်းလယ်ကစားသမား ရိုမီယူကို စာချုပ်ဖျက်သိမ်းရန် ပြင်ဆင်နေသဖြင့် ဂျီရိုနာအသင်းနှင့် ဗလင်စီယာအသင်းတို့က အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် စောင့်ဆိုင်းနေကြောင်း သိရသည်။
- စီးရီးအေကလပ် ကိုမိုအသင်းက အသက် ၂၀ ရှိ ရီးရဲလ်မက်ဒရစ်အသင်းကစားသမား ရာမွန်ကိုခေါ်ယူရန် ဆေးစစ်မှုပြုလုပ်နိုင်ခဲ့သကဲ့သို့ စာချုပ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ကစားသမားကို ပြန်လည်ခေါ်ယူခွင့်ပါရှိခဲ့သည်။
- ဘိုလော့နာအသင်းနှင့်အတူ ကိုပါအီတာလီယာဖလားရယူပေးခဲ့သည့် တိုက်စစ်မှူး အန်ဒိုရီကို နော်တင်ဟမ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် လာမည့် ၂၄ နာရီအတွင်း ဆေးစစ်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ML

## 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကီတာယာမာ ဆွတ်ခူး


မင်နီဆိုတာ ဇူလိုင် ၂၈

အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်တွင် ကျင်းပခဲ့သည့် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကီတာယာမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား စတီဗင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် လစ်စကိုင်း၊ ကနပ်၊ ကော့ဒီနှင့် အင်္ဂလန် ဂေါက်သီးရိုက် ကစားသမား ဝေါလေ့တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ကီတာယာမာသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒုတိယမြောက် PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ကီတာယာမာက "နောက်ဆုံးနေ့မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်တွေက အံ့အားသင့်စရာပါပဲ။ နောက်ဆုံးနေ့ရဲ့ လက်စွမ်းကကျွန်တော့်အတွက်တော့ အောင်မြင်မှုကိုပါရယူနိုင်တဲ့ထိ ကောင်းမွန်ခဲ့ပါတယ်။ နောက်ဆုံးနေ့မှာ လေတိုက်နှုန်း အရမ်းမြင့်တဲ့အတွက် ကစားရခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ စိတ်ရှည်ရှည်ထားပြီး ပွဲအပေါ်မှာ သေချာဂရုစိုက်နိုင်ခဲ့တယ်။ ဆုံးဖြတ်ချက်အချို့ မှန်ကန်ခဲ့လို့လဲ အခုလိုရလဒ်ကောင်းနဲ့ အဆုံးသတ်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



Ref : RT

Trs : AZL

# ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ထက် မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ခြေစမ်းပွဲစဉ် ပရိသတ်ဝင်ရောက်မှုပိုမိုများပြား

မန်ချက်စတာ ဇူလိုင် ၂၈

အမေရိကန်နိုင်ငံတွင် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်သည် ပြီးခဲ့သည့် ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ပွဲစဉ်ထက်ပင် ပရိသတ်ဝင်ရောက်မှု ပိုမိုများပြားခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် မန်ယူအသင်းက ဘရူနိုဖာနန်ဒက်၏ သွင်းဂိုးများနှင့်အတူ ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြီးခဲ့သည့် ဇွန်လမှစတင်ပြီး ယခုလထိကျင်းပခဲ့သည့် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပရိသတ်များစိတ်ဝင်စားမှု ပိုမိုမြင့်တက်လာစေရန်အတွက် အမေရိကန်နိုင်ငံတွင် ပုံစံပြောင်းလဲကျင်းပခဲ့သော်လည်း ပရိသတ်စိတ်ဝင်စားမှု နည်းပါးခဲ့ပြီး ဗိုလ်လုပွဲစဉ်အဖြစ် ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ချဲလ်ဆီးအသင်းတို့ပွဲစဉ်တွင် ပရိသတ် ၈၁၁၁၈ ဦး ဝင်ရောက်ခဲ့ပြီး ပရိသတ်အများဆုံးပွဲစဉ်အဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

သို့သော် အမေရိကန်နိုင်ငံတွင် ပြီးခဲ့သည့် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်တွင် ပရိသတ်ဦးရေ ၈၂၅၆၆ ဦးထိ ဝင်ရောက်အားပေးခဲ့ပြီး မက်လိုက်အားကစားကွင်း အပြည့်နီးပါး ဝင်ရောက်အားပေးခဲ့ကာ ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ထက်ပင် ပရိသတ်ဝင်ရောက်မှု ပိုမိုများပြားခဲ့ပြီး ယခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင်ကျင်းပခဲ့သည့် ဘောလုံးပွဲစဉ်များတွင် ပရိသတ်ဝင်ရောက်မှု အများဆုံးပွဲအဖြစ်လည်း ရပ်တည်လျက်ရှိနေသည်။

အမေရိကန်နိုင်ငံတွင် မန်ယူအသင်းကိုအားပေးသည့် အမာခံပရိသတ် အများစုရှိနေသည့်အတွက် မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို မန်ယူအသင်းကိုအားပေးသည့် ပရိသတ်များမှာ ကွင်းလုံးပြည့်နီးပါး လာရောက် အားပေးခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းကလည်း အသင်းဝင်ငွေ များစွာရရှိစေရန်အတွက် နောက်ပိုင်းနှစ်များတွင် အသင်းရာသီကြိုခြေစမ်းပွဲ ခရီးစဉ်များကို အသင်းအမာခံပရိသတ် အများစုရှိသည့် အမေရိကန်နိုင်ငံနှင့် အာရှဒေသတွင်းသို့ သွားရောက်ကာ ခြေစမ်းပွဲစဉ်များ ကစားလျက်ရှိနေကြောင်း သိရသည်။

**Ref : Espn**
**Trs : STA**

# ချန်ပီယံဘီနာဗီဒက်ဗ်အား အနိုင်ရမည်ကိုယုံကြည်ကြောင်း အန်တိုနီယာဒီထုတ်ဖော်ပြောကြား

ရီယာ့ဒ် ဇူလိုင် ၂၈

WBC ယာယီလိုက်ဟဲဗီးဝိတ်တန်းချန်ပီယံနှင့် WBA(Regular) လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန် လက်ဝှေ့သမား ဘီနာဗီဒက်ဗ်နှင့် စိန်ခေါ်သူ အင်္ဂလန်လက်ဝှေ့သမား အန်တိုနီယာဒီတို့ ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ နိုဝင်ဘာ ၂၂ ရက်တွင် ထိုးသတ်သွားမည်ဖြစ်ပြီး ယင်းပွဲစဉ်တွင် လက်ရှိချန်ပီယံအား အနိုင်ထိုးသတ်နိုင်မည်ကို ယုံကြည်ကြောင်း အန်တိုနီယာဒီက ယနေ့တွင် ပြောကြားခဲ့သည်။

လိုက်ဟဲဗီးဝိတ်တန်း၏ ကမ္ဘာ့အဆင့်(၅)အတွင်း ရပ်တည်နေသည့် ပြိုင်ပွဲဝင်နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး အန်တိုနီယာဒီက လက်ရှိချန်ပီယံအပေါ် လေးစားမှု အပြည့်ရှိသော်လည်း ၎င်းအနိုင်ရမည်ကို ၁၀၀ ရာခိုင်နှုန်း ယုံကြည်ချက်ရှိကြောင်း ပြောကြားခဲ့သည်။

ဘီနာဗီဒက်ဗ်သည် ရှုံးပွဲမရှိသေးသည့် ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး အန်တိုနီယာဒီသည် စိန်ခေါ်ပွဲပေါင်း ၃၀ ထိရှိပြီး ရှုံးပွဲသုံးပွဲသာရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

အန်တိုနီယာဒီက “ဘီနာဗီဒက်ဗ်နဲ့ထိုးသတ်သွားမဲ့ပွဲစဉ်မှာ သေချာပေါက် အနိုင်ရမယ်လို့ ၁၀၀ ရာခိုင်နှုန်း ယုံကြည်တယ်။ လူတွေကတော့ ဘီနာဗီဒက်ဗ်ကပဲ အနိုင်ရမယ်လို့ ယုံကြည်နေကြတယ်။ ကျွန်တော့်ကိုတော့ စောင့်ကြည့်သွားရမဲ့ သူအဖြစ် လောကပဲသတ်မှတ်ကြလိမ့်မယ်။ ဘီနာဗီဒက်ဗ်အပေါ်မှာ လေးစားမှုအပြည့်ရှိပါတယ်။ ဒါပေမဲ့လဲ ကျွန်တော်သူ့ကို အလဲထိုးနိုင်လိမ့်မယ်ဆိုတာကို ၁၀၀ ရာခိုင်နှုန်း ယုံကြည်တယ်လို့ ပြောချင်ပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : DAZN**
**Trs : AZL**

# နယူးကာဆယ်သို့ ပြောင်းရွှေ့ခွင့်မပေးပါက အသင်းနှင့်ပူးပေါင်းမည်မဟုတ်ဟု ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး ဝစ်ဆာ သတိပေးမှုပြုလုပ်




လန်ဒန် ဇူလိုင် ၂၈

ဘရန့်ဖို့ဒ်အသင်း တိုက်စစ်ကစားသမား ဝစ်ဆာက နယူးကာဆယ်အသင်းသို့ပြောင်းရွှေ့ခွင့် မပေးခဲ့သည့်အတွက် အသင်း၏ ရာသီကြိုခြေစမ်းပွဲခရီးစဉ်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး နယူးကာဆယ်အသင်းထံ ပြောင်းရွှေ့ခွင့်မပေးပါက အသင်းနှင့်ပူးပေါင်းမည်မဟုတ်ဟု သတိပေးမှုလုပ်ဆောင်ခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဝစ်ဆာသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က လိုရီယန့်အသင်းမှ ဘရန့်ဖို့ဒ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီကအကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၃၉ ပွဲကစားခဲ့ပြီး သွင်းဂိုး ၂၀ ထိ သွင်းယူနိုင်ခဲ့ပြီးနောက် နယူးကာဆယ်အသင်းက ခေါ်ယူလိုနေခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းက ပြီးခဲ့သည့်ရက်ပိုင်းက ဝစ်ဆာကို ခေါ်ယူရန်အတွက် တရားဝင် ကမ်းလှမ်းမှုတစ်ရပ် လုပ်ခဲ့ပြီးနောက် ဝစ်ဆာကိုယ်တိုင်ကလည်း နယူးကာဆယ် အသင်းသို့ ပြောင်းရွှေ့ ကစားလိုနေသည့်အတွက် ပြောင်းရွှေ့ခွင့်တောင်းဆိုခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းက ပယ်ချခဲ့သောကြောင့် ရာသီကြိုခြေစမ်းပွဲ ခရီးထွက်ခွာနေသည့် အသင်းကစားသမား စာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဝစ်ဆာက နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခွင့်မပေးခဲ့သည့်အတွက်အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီးနောက် ပြောင်းရွှေ့ခွင့်မပေးပါက အသင်းနှင့် ပူးပေါင်းမည်မဟုတ်ဟု သတိပေးမှုပြုလုပ်ထားပြီး အသင်းအားကစားဒါရိုက်တာ ဂေးလ်နှင့် အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

# Citi Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဒီမီနောဆွတ်ခူး

ဝါရှင်တန် ဇူလိုင် ၂၈

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်ကျင်းပနေသည့် Citi Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဩစတြေးလျ တင်းနစ်ကစားသမားဒီမီနောနှင့် စပိန်တင်းနစ်ကစားသမား ဒါဗစ်ဒိုဗစ်ချ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒီမီနောက နောက်မှလိုက်ကစားပြီး အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမပွဲငယ်တွင် ဒါဗစ်ဒိုဗစ်ချ် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ဒီမီနောက ပြန်လည်အနိုင်ရခဲ့ကာ (၅-၇၊ ၆-၁၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ် တစ်ပွဲဖြစ်သလို ပြိုင်ပွဲဝင်နှစ်ဦးအကြား အကြိတ်အနယ်ရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်၏ အဆင့်အတန်းဖြင့် ကိုက်ညီအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

ပထမပွဲငယ်တွင် tie-break ထိ ကစားခဲ့ရပြီး ဒုတိယပွဲငယ်တွင် ဒီမီနောက ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ကာ ချန်ပီယံဆုအဆုံးအဖြတ် ပွဲစဉ်အတွက် သူတစ်ပြန်ကိုယ်တစ်ပြန် အပြန်အလှန် ဖိအားပေးခဲ့ကြပြီး tie-break တွင် ဒီမီနောကအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒီမီနောက “ဝါရှင်တန်မြို့ဟာ ကျွန်တော့်ရင်ထဲမှာ အမြဲတမ်း ရှိနေတဲ့မြို့ဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာလဲ ကျွန်တော့်ရင်ထဲမှာ အမြဲတမ်းရှိနေမဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ကျွန်တော်နှစ်သက်တဲ့ ပြိုင်ပွဲမှာ အခုလိုချန်ပီယံဆုဖလားကိုင်မြှောက်ခွင့်ရတာ အရမ်းပျော်တယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# အယ်နာဆာအသင်းက မန်ယူအသင်းမှ အန်တိုနီကို ခေါ်ယူနိုင်ရန်နီးစပ်

ရီယာ့ဒ် ဇူလိုင် ၂၈

ဆော်ဒီထိပ်တန်း ကလပ်အသင်း တစ်သင်းဖြစ်သည့် အယ်နာဆာအသင်းက ချဲလ်ဆီးအသင်းမှ ဂျာအိုဖီးလစ်ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်းမှ တောင်ပံကစားသမား အန်တိုနီကို ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေပြီး ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

အယ်နာဆာ အသင်းသည် အစောပိုင်းနှစ်များက စီရော်နယ်ဒို အပါအဝင် ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူအင်အားဖြည့်တင်းခဲ့သော်လည်း ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခြင်း မရှိသေးသည့်အတွက် လာမည့် ဘောလုံးရာသီသစ်အတွက် နည်းပြသစ်အဖြစ် ဥရောပမှ ထိပ်တန်းနည်းပြ ဂျော်ဂျီဂျီးဆပ်ကို ခန့်အပ်ခဲ့ပြီးနောက် ဥရောပမှ ထိပ်တန်းကစားသမားသစ်များကို ခေါ်ယူအင်အားဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အယ်နာဆာအသင်းက အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သည့် စီရော်နယ်ဒိုကို နှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် နည်းပြသစ်အဖြစ် ပေါ်တူဂီလူမျိုးနည်းပြ ဂျော်ဂျီဂျီးဆပ်ကို ခန့်အပ်ခဲ့ပြီးနောက် လက်ရှိအပြောင်းအရွှေ့ကာလတွင်လည်း ဂျာအိုဖီးလစ်ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် အန်တိုနီကို ဆက်လက်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အန်တိုနီသည် မန်ယူအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက် ပြီးခဲ့သည့် ဘောလုံးရာသီက ဘက်တစ်အသင်းထံ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဘက်တစ်အသင်းက အပြီးသတ်ခေါ်ယူလိုနေသော်လည်း ညှိနှိုင်းမှုအဆင်မပြေသည့်အတွက် မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းနေရသော်လည်း မန်ယူအသင်းက ရောင်းချရန် ဆုံးဖြတ်ထားသကဲ့သို့ အန်တိုနီကိုယ်တိုင်ကလည်း စီရော်နယ်ဒိုရှိနေသည့် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားလိုနေသည့်အတွက် အပြောင်းအရွှေ့ဖြစ်မြောက်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# အခွင့်အလမ်းများစွာ ရှိနေပါသေးသည်

မောင်သောင်းဝင်း(တမန်ဟောင်း)

**❖ပညာသင်နှစ် အစ၊အဆုံး စွမ်းစွမ်းတမံကြိုးစားခဲ့ကြသော်လည်း ကံအကြောင်းမလှ၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းတွင် ပါမလာကြသည့်ကလေးများလည်း ရှိနေကြမည်ဖြစ်သည်။ ဆိုလိုသည်မှာ စာမေးပွဲဖြေဆိုခါနီးအချိန်တွင် ကျန်းမာရေးနှင့် အခြားလူမှုရေးအခက်အခဲ တစ်ခုခုကြောင့် ခြေချော်၊ လက်ချော်ဖြစ်သွားနိုင်သည်။ ထိုကလေးများအနေဖြင့် လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ဖန်တီးလာနိုင်သည်ဟု သဘောထားသင့်ပါသည်။ အရာရာတိုင်းကို ပုံသေကားကျတွက်၍ စိတ်ဓာတ်ကျဆင်းနေရန် မလိုပေ။ အနာဂတ်တွင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရှိလာနိုင်သည်။ ❖**

ဇူလိုင် ၂၇ ရက်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာခဲ့သည်။ ကျောင်းသားမိဘများသည် အောင်စာရင်းထုတ်ပြန်မည့်ရက်ကို လက်ချိုးရေတွက်ခဲ့ရသည်။ ဇူလိုင် ၂၆ ရက် ညပိုင်းကတည်းကပင် ကျောင်းသားမိဘများနှင့် ကလေးများ ကောင်းကောင်းမအိပ်နိုင်ဘဲ အောင်စာရင်းအတွက် ရင်ခုန်နေကြသည်။ ထို့နောက် ဇူလိုင် ၂၇ ရက် နံနက်စောစောတွင် မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ ဝမ်းသာ၊ ဝမ်းနည်းဖြစ်ခဲ့ရသည်။ စာမေးပွဲအောင်မြင်သူများသည် ပျော်လို့မဆုံးဖြစ်နေကြသည်။ ဂုဏ်ထူးများစွာနှင့် အောင်မြင်သောကလေးများသည် အတိုင်းထက်အလွန်ပင်ဖြစ်သည်။ အထူးသဖြင့် မိဘများသည် ပို၍ပင်ပျော်ရွှင်နေကြသည်။ သူတို့၏အပျော်များသည် ပတ်ဝန်းကျင်ရှိ မိတ်ဆွေများနှင့် သူငယ်ချင်းများကို ဝမ်းသာပီတိဖြစ်စေသည်။ စာရေးသူ၏ပတ်ဝန်းကျင်မှ စာမေးပွဲကျရှုံးသူများ၊ အထူးသဖြင့် မိန်းကလေးများသည် ဝမ်းနည်းပက်လက် ငိုကြွေးနေကြသည်။ တချို့သောမိဘများသည် မစားနိုင်မသောက်နိုင်ပင် ဖြစ်နေကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

**အောင်ချက်ရာခိုင်နှုန်း**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀၇၈၉၈ ဦးဖြေဆိုခဲ့ရာ ၉၉၉၂၄ ဦးအောင်မြင်ခဲ့သောကြောင့် အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့သည်။ ဆိုရလျှင် စာမေးပွဲဖြေဆိုသူ နှစ်ဦးလျှင် တစ်ဦးခန့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်နယ် စာစစ်ဌာနသည် ၅၇ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် အောင်ချက်အမြင့်မားဆုံးဖြစ်သည်။ ချင်းပြည်နယ် စာစစ်ဌာနသည် ၂၆ ဒသမ ၉၆ ရာခိုင်နှုန်းဖြင့် အောင်ချက်အနည်းဆုံးဖြစ်သည်။ ခြွင်းချက်အနေဖြင့် နိုင်ငံခြားစာစစ်ဌာနသည် အောင်ချက် ၉၅ ရာခိုင်နှုန်းရှိသည်။

**မုဒိတာပွားမိ**

စာမေးပွဲအောင်စာရင်းသည် ကျောင်းသားတစ်ဦး၊တစ်ယောက်ချင်းစီ၏ တစ်နှစ်တာကာလအတွင်း ကြိုးပမ်းအားထုတ်ခဲ့မှုများကိုမှတ်ကျောက်တင်ပေးခြင်းဖြစ်သည်။ အောင်စာရင်းတွင် ဂုဏ်ထူးရရှိသည့် ဘာသာရပ်များကို ဖော်ပြထားလေ့ရှိသည်။ ထို့ကြောင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် ကလေးများသည် ပို၍ပျော်ရွှင်ကြမည်ဖြစ်သည်။ အထူးသဖြင့် တစ်နိုင်ငံလုံးတွင် အဆင့် ၁၀ အတွင်း ဝင်သည့် ကျောင်းသား၊ ကျောင်းသူများသည် သူတို့၏ကြိုးပမ်းမှုရလဒ်အတွက် ကျေနပ်နေလိမ့်မည်ဖြစ်သည်။ မိဘများသည် သား၊ သမီးများအတွက် ဂုဏ်ယူဝင့်ကြွား ပျော်လို့မဆုံးတပြုံးပြုံး ဖြစ်နေကြမည်။ ထိုအောင်မြင်မှုများကိုလည်း လှိုက်လှိုက်လှဲလှဲ မုဒိတာပွားမိသည်။ မည်သို့ပင်ဆိုစေကာမူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူ အားလုံးအတွက် များစွာ ဂုဏ်ယူမိသည်။

**ကိုယ်တွေ့ကြုံခဲ့ရ**

ယခုနှစ် တက္ကသိုလ်ဝင်အောင်စာရင်း၌ ဂုဏ်ထူးမျှော်မှန်းထားသော တချို့သောကလေးများသည် ရိုးရိုးသာ အောင်မြင်ခဲ့ကြသလို အောင်မြင်မည်ဟုမျှော်မှန်းထားသော ကလေးတချို့သည်လည်း အောင်စာရင်း၌ ပါရှိလာခြင်းမရှိသဖြင့် စိတ်ညစ်နေကြသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲသည် လက်ရေးလက်သားအပါအဝင် အမှတ်ပေးစည်းမျဉ်းနှင့်အညီ သပ်သပ်ရပ်ရပ် စနစ်တကျ ဖြေဆိုနိုင်မှသာလျှင် မျှော်မှန်းသလောက် ရလဒ်ထွက်ရှိမည်ဖြစ်သည်။ တချို့သောကလေးများသည် အားလုံးဖြေဆိုခဲ့သော်လည်း အဖြေလွှာကို ပြန်လည်စစ်ဆေးခြင်း မရှိသဖြင့် မျှော်မှန်းမထားသော စာလုံးပေါင်းသတ်ပုံ အမှားအယွင်းများ ပါသွားနိုင်ပေသည်။

**စာမေးပွဲအောင်စာရင်းတွင်ပါမလာသော်လည်း**

ပညာသင်နှစ် အစ၊ အဆုံးစွမ်းစွမ်းတမံကြိုးစားခဲ့ကြသော်လည်း ကံအကြောင်းမလှ၍ တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းတွင် ပါမလာကြသည့် ကလေးများလည်း ရှိနေကြမည်ဖြစ်သည်။ ဆိုလိုသည်မှာ စာမေးပွဲဖြေဆိုခါနီးအချိန်တွင် ကျန်းမာရေးနှင့်အခြားလူမှုရေး အခက်အခဲတစ်ခုခုကြောင့် ခြေချော်၊ လက်ချော်ဖြစ်သွားနိုင်သည်။ ထိုကလေးများအနေဖြင့် လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သည့်အခြေအနေတစ်ရပ်ကိုဖန်တီးလာနိုင်သည်ဟု သဘောထားသင့်ပါသည်။ အရာရာတိုင်းကိုပုံသေကားကျတွက်၍ စိတ်ဓာတ်ကျဆင်းနေရန်မလိုပေ။ အနာဂတ်တွင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရှိလာနိုင်သည်။ ဘဝကိုအပြုသဘောဆောင်စွာ ရှုမြင်ထားသင့်သည်။ စာမေးပွဲ တစ်ခါကျရှုံးခြင်းသည် ဘဝတစ်ခုလုံးအတွက် ဆုံးရှုံးမှုကြီးမဟုတ်ပေ။ လာမည့်ပညာသင်နှစ်တွင် နှစ်စကတည်းက ဖိဖိစီးစီးသာ ကြိုးစားသွားမည်ဆိုလျှင် ဂုဏ်ထူးများစွာဖြင့်ပင် အောင်မြင်နိုင်မည့် အခွင့်အလမ်းရှိနေပါသေးသည်။ အောင်စာရင်းတွင် ပါရှိမလာသော်လည်း စိတ်ဓာတ်ကျနေစရာ မလိုပေ။ အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာ ရှိနေပါသေးသည်။

**ဆန္ဒသာရှိမည်ဆိုလျှင်**

လက်ရှိစာမေးပွဲကျရှုံးမှုကို ဘဝအတွက် သင်ခန်းစာအဖြစ် သဘောထားသွားရမည်ဖြစ်သည်။ အောင်စာရင်းတွင်ပါလာခြင်းမရှိသည့် ကျောင်းသား၊ ကျောင်းသူတစ်ဦးအနေဖြင့် ပထမဆုံးဆောင်ရွက်ရမည့်အလုပ်သည် လွန်ခဲ့သော တစ်နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့မှုများကို ပြန်လည်သုံးသပ်သွားရန်လိုအပ်သည်။ ပထမဆုံးအချက်မှာ မိမိဖြေဆိုခဲ့သော အမှတ်စာရင်း တောင်းကြည့်ရမည်ဖြစ်သည်။ အမှတ်စာရင်းတွင် အားနည်းချက်ရှိသော ဘာသာရပ်များကို ယခုနှစ်တွင် ပိုမိုလေ့ကျင့်ကျက်မှတ်သွားရန်လိုအပ်သည်။ အားသာချက်ရှိပြီးသော ဘာသာရပ်များကို ဆက်လက်လေ့ကျင့်ကျက်မှတ်လိုက်မည်ဆိုလျှင် သေချာပေါက် ဂုဏ်ထူးထွက်မည်ဖြစ်သည်။

အောင်မြင်သွားသူများထဲတွင် တချို့သော ကျောင်းသား၊ ကျောင်းသူများသည် မျှော်မှန်းထားသလောက် ဂုဏ်ထူးမထွက်သဖြင့် မှန်းချက်နှင့်နှမ်းထွက် လွဲနေသူများရှိကောင်းရှိနေမည်ဖြစ်သည်။ ထိုသူများကိုကြည့်ပြီး မိမိအနေဖြင့် ထိုသို့မဖြစ်ရလေအောင် ပိုမိုကြိုးစားသွားမည်ဆိုသော သန္နိဋ္ဌာန်ကို အခိုင်အမာချထားရန်သာ လိုအပ်သည်။ မည်သည့်အရာတွင်မဆို အောင်မြင်လိုသည့်ဆန္ဒသာ အမှန်တကယ်ရှိနေမည်ဆိုလျှင် တစ်နေ့တွင် ထိုက်တန်သော အောင်မြင်မှုကို ဧကန်မုချရရှိသွားမည်ဖြစ်သည်။

**နေထိုင်မှုပုံစံပြောင်းရန်လို**

လက်ရှိအချိန်တွင် စမတ်ဖုန်းများသည် လူငယ်များ၏နေ့စဉ်ဘဝကို လွှမ်းမိုးလာနေပြီဖြစ်သည်။ တက္ကသိုလ်ဝင်တန်းတက်မည့် ကလေးများအနေဖြင့် ဖုန်းအသုံးပြုချိန်ကို လျှော့ချသွားရန်လိုအပ်သည်။ လူမှုကွန်ရက်သည် သုံးတတ်လျှင် အကျိုးရှိနိုင်သော်လည်း မသုံးတတ်လျှင် အချိန်နှင့်ငွေကြေးကုန်ကျပြီး ပညာသင်ကြားရေးကိုပါ ထိခိုက်နိုင်သည်။ တချို့သော ယောကျ်ားလေးများသည် ဖုန်းဖြင့် ဂိမ်းဆော့နေတတ်ပြီး မိန်းကလေးများသည် လူမှုကွန်ရက်ပေါ်မှ နေထိုင်မှုပုံစံများအပေါ်တွင် သာယာနေတတ်ကြသည်။ ထို့ကြောင့် မိဘ၊အုပ်ထိန်းသူများသည် သား၊ သမီးများ၏ တယ်လီဖုန်းသုံးစွဲချိန်ကို စောင့်ကြည့် ကန့်သတ်ထားသင့်သည်။ သား၊ သမီးများကို အလိုလိုက်ခြင်းသည် ချစ်ရာမကျဘဲ နှစ်သလိုဖြစ်နေတတ်ပေသည်။ ပကာသနဆန်သော ပြိုင်ဆိုင်မှုများသည် ကလေးများကို လမ်းမှားသို့တွန်းပို့စေနိုင်သဖြင့် မိဘအုပ်ထိန်းသူများအနေဖြင့် ချင့်ချိန်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**လက်တစ်ကမ်းတွင်ရှိနေ**

တချို့သောသူများသည် တစ်ခါကျရှုံးရုံမျှဖြင့် စိတ်ဓာတ်ကျဆင်းသွားတတ်ကြသည်။ စိတ်ထင်ရာ လျှောက်လုပ်တတ်ကြသည်။ အပေါင်းအသင်းမှားပြီး မူးယစ်ဆေးဝါး သုံးစွဲတတ်သည်။ အဆိုးရွားဆုံးအချက်သည် လွဲမှားသောနည်းလမ်းဖြင့် ထွက်ပေါက်ရှာခြင်းဖြစ်သည်။ လူ့ဘဝသည် ရခဲလွန်းလှသည်။ ကြိုးစားဖို့အချိန်ရှိပါသေးသည်။ အောင်မြင်သူများကို ကြည့်မည်ဆိုလျှင် ထိုသူများသည် တစ်ချိန်က ကျရှုံးခဲ့ဖူးသည်။ တစ်ချိန်က လဲကျခဲ့ဖူးသည်။ သို့သော် အောင်မြင်လိုသည့် ခိုင်မာသောဆန္ဒရှိနေသဖြင့် အကြိမ်ကြိမ်ကြိုးစား၊ အကြိမ်ကြိမ် ရုန်းကန်ထခဲ့ကြရသည်။ မိမိလည်း ကြိုးပမ်းသွားမည်ဆိုလျှင် မအောင်မြင်စရာအကြောင်း မရှိချေ။ မလျှော့သော ဇွဲလုံ့လဝီရိယတို့သာလိုသည်။ အောင်မြင်မှုသည် မိမိ၏ လက်တစ်ကမ်းတွင်ရှိနေသည်။

**ထူးချွန်စွာအောင်မြင်နိုင်**

စင်စစ်အားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးခဲ့သူများသည် စိတ်ဓာတ်ကျဆင်းနေစရာ မလိုပေ။ တွေဝေငေးမော၍ နောင်တရနေရန်လည်း မလိုပေ။ အဓိကလုပ်ဆောင်သွားရမည့်အချက်သည် လာမည့် ပညာသင်နှစ်အတွက် စိတ်သစ်ခွန်အားသစ်များနှင့် ကြိုးစားသွားရန်သာလိုအပ်သည်။ ပညာသင်နှစ်အစမှစ၍ တစ်နေ့စာတစ်နေ့ ပြတ်အောင်သာ ကြိုးစားလေ့ကျင့်ကျက်မှတ်သွားမည်ဆိုလျှင် အတန်းတင်စာမေးပွဲကြီးကို အလွယ်တကူဖြေဆိုအောင်မြင်နိုင်မည်ဖြစ်သည်။ ဆိုရလျှင်အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာ ရှိနေပါသေးသည်။ စနစ်တကျသာ လေ့လာသင်ယူ လေ့ကျင့်ကျက်မှတ်သွားမည်ဆိုလျှင် ဂုဏ်ထူးများစွာဖြင့်ပင် ထူးချွန်စွာအောင်မြင်နိုင်သည်။

**အခွင့်အလမ်းများစွာ ရှိနေပါသေးသည်**

ဆိုရလျှင် ဇူလိုင် ၂၇ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းတွင် မပါရှိသူများသည် စိတ်ဓာတ်ကျနေရန် မလိုပေ။ မိဘများကလည်း သား၊ သမီးများ စာမေးပွဲကျရှုံးသဖြင့် ယူကျုံးမရဖြစ်စရာ မလိုပေ။ လက်ရှိအချိန်တွင် မိဘများသည် ကလေးများကို စိတ်ဓာတ်မကျအောင် အားပေးသွားသင့်သည်။ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်ရေး ကြိုးပမ်းသွားရန်သာလိုအပ်သည်။ မည်သည့်အရာမဆို အချိန်ကကုစားသွားမည်ဖြစ်သည်။ ကလေးများကို စိတ်ဒဏ်ရာရရှိအောင် လွန်လွန်ကဲကဲ ဖိအားမပေးသင့်ပေ။ အဆိုးထဲမှ အကောင်းပင်ဖြစ်သည်။ ကောင်းမွန်သော အခြေအနေတစ်ရပ်ကို ဖန်တီးလာခြင်းဖြစ်သည်ဟု သဘောထားသွားရန်သာ လိုအပ်သည်။ ဆိုလိုသည်မှာ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းနိုင်ရေးအတွက် အခွင့်အလမ်းရှိသည်ဟု သဘောထားရန်သာ လိုအပ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲကျရှုံးမှုအတွက် စိတ်ဓာတ်ကျမနေဘဲ အောင်မြင်အောင် ဆက်လက်ကြိုးစားသွားမည်ဆိုသည့် ခိုင်မာသောသန္နိဋ္ဌာန်စိတ်ဖြင့်သာ ကြိုးပမ်းသွားမည်ဆိုလျှင် အောင်မြင်မှုအတွက် အခွင့်အလမ်းများစွာ ရှိနေပါသေးသည်ဟု ဆိုချင်ပါသည်။

**ကိုးကား**

- ဇူလိုင် ၂၇ ရက်ထုတ် သတင်းစာများ။


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# တေးသံရှင် ရေဗက္ကာဝင်း၏ Rebecca's 20th Anniversary Duet Show ကို MRTV- 4 ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ခဲ့




ရန်ကုန် ဇူလိုင် ၂၈

တေးသံရှင် ရေဗက္ကာဝင်း၏ ဂီတသက်တမ်း အနှစ် ၂၀ ပြည့် အထိမ်းအမှတ် Rebecca's 20th Anniversary Duet Show ကို ဇူလိုင် ၂၇ ရက်က MRTV- 4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ခဲ့ကြောင်း တေးသံရှင် ရေဗက္ကာဝင်းထံမှ သိရသည်။

အဆိုပါ Rebecca's 20th Anniversary Duet Show တွင် တေးသံရှင် ရေဗက္ကာဝင်းအပါအဝင် တေးသံရှင် အောင်ထက်၊ ရှိုင်း၊ ဝီလျံတို့က အားဖြည့်ကူညီသီဆိုထားကြောင်း သိရသည်။

"ဗက္ကာကို အနှစ် ၂၀ တိုင်တိုင် အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ဒီနှစ်ကာလမှာ အားပေးခဲ့တဲ့ ပရိသတ်တွေ စိတ်အပန်းပြေဖို့အတွက် ခံစားနိုင်ဖို့ရည်ရွယ်ပြီးတော့ Rebecca's 20th Anniversary Duet Showကို ကိုဗစ်ကာလကတည်းက လုပ်ခဲ့တာပါ။ ခုမှထုတ်လွှင့်ဖြစ်တာပါ။ ဗက္ကာရဲ့တစ်ကိုယ်တော် တေးစီးရီးခွေ မထွက်ခဲ့ရဘူးပေါ့နော်။ ချန်ပီယံလောင်း တေးသီချင်းနဲ့ ဗက္ကာ့ကိုပိုသိလာကြတာပေါ့။ ပြန်ဆိုတေးတွေပဲ ဆိုဖြစ်ခဲ့တယ်။ အကြောင်း အမျိုးမျိုးကြောင့် တစ်ကိုယ်တော်ခွေ မထွက်ဖြစ်ခဲ့ဘူးပေါ့နော်။ ဂီတသက်တမ်းနှစ် ၂၀ မှာ တကယ်သေချာလုပ်ဖြစ်တာ ၁၀ နှစ်လောက်ပဲရှိမယ်။ အိမ်က ခွင့်မပြုခဲ့တာကြောင့်လဲပါတယ်။ ပရိသတ်ကို တစ်ကိုယ်တော်ခွေ၊ တစ်ကိုယ်တော်ရှိုးပွဲရယ်လို့ မလုပ်ခဲ့ရဘူးပေါ့။ ဒီအစီအစဉ်ကို ကိုဗစ်ကာလက ဗက္ကာ့ဘဝအတွက် မှတ်တမ်းမှတ်ရာလေး ကျန်ချင်တာကြောင့် ရိုက်ကူးခဲ့တာပါ"ဟု တေးသံရှင် ရေဗက္ကာဝင်းက ပြောပြသည်။

တေးသံရှင် ရေဗက္ကာဝင်းသည် တေးရေး၊ တေးဆို တစ်ဦးလည်းဖြစ်ပြီး သူ၏ ချန်ပီယံလောင်း၊ အကျုပ်ရိုက်ခြင်း၊ မချစ်ရဲဘူး၊ Dream 16 စသည့် ကိုယ်ပိုင်သံစဉ် Own Tune များဖြင့် ပရိသတ်လက်ခံလာသူ တစ်ဦးဖြစ်ကြောင်း သိရသည်။

ASH

# ဖိုက်ပလပ်စ်ဝမ်း ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်




ရန်ကုန် ဇူလိုင် ၂၈

Hill Picture Film Productction က ရိုက်ကူးထုတ်လုပ်သည့် ဖိုက်ပလပ်စ်ဝမ်း ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဖိုက်ပလပ်စ်ဝမ်း ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ခင်လှိုင်(ဉာဏ်ကြီးရှင်) ထံမှ သိရသည်။

ဖိုက်ပလပ်စ်ဝမ်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ခင်မိုး(KM Group) က ရေးသားထားကာ ခင်မိုး(KM Group)၊ နေစိုးသော်တို့က ဇာတ်ညွှန်းရေးသားထားပြီး Hill Picture Film Produtction အတွက် ဒါရိုက်တာ ခင်လှိုင်(ဉာဏ်ကြီးရှင်)က တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ဟာသဇာတ်မြူးလေးပါ။ မပြုံးဘဲနဲ့ ဝလုံးကွဲရယ်ရမဲ့ ဇာတ်လမ်းပါ။ အဖေဖြစ်သူရဲ့ရှုပ်ထားသမျှ ဇာတ်ပေါင်းချုပ်ကြီးကို သားဖြစ်သူ လက်ထက်ကျမှ မချောင်းယောက် ကိုယ်တစ်ယောက် ပေါက်ကရအဖြစ်အပျက်တွေနဲ့ ရယ်ပလန်နဲ့ရယ်ရမဲ့ ဇာတ်ကားပါ" ဟု ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်)က ပြောပြသည်။

အဆိုပါ ဖိုက်ပလပ်စ်ဝမ်း ရုပ်ရှင်ဇာတ်ကားတွင် လွှမ်းပိုင်၊ စိစိ၊ သွက်လက်၊ တော်ဝင်၊ ရှိုင်းလေး၊ ခင်ဝင့်ဝါ၊ ဝင့်ယမုံနိုင်၊ မေမီကိုကို၊ မေလသံစဉ်၊ အာဗြဲစိန်၊ လှနုထွန်း၊ ထက်ထက်လင်းလက်နှင့်သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# အဆိုတော်ဂျိုး၏ အားလုံးလက်တွေ အတူတူတွဲထားပါ တေးစီးရီးမိတ်ဆက်ပွဲအခမ်းအနား ပြုလုပ်

ရန်ကုန် ဇူလိုင် ၂၈

အဆိုတော်ဂျိုး၏ "အားလုံးလက်တွေ အတူတူတွဲထားပါ" တေးစီးရီး ထွက်ရှိခြင်း မိတ်ဆက်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ Sky Lake View စားသောက်ဆိုင်တွင် ပြုလုပ်ခဲ့ကြောင်း အဆိုတော် ဂျိုးထံမှ သိရသည်။

အဆိုပါ အဆိုတော်ဂျိုး၏ "အားလုံးလက်တွေ အတူတူတွဲထားပါ" တေးစီးရီးတွင် တေးသီချင်းများကို တေးရေး ဦးကျော့မှူး၊ သုခမိန်လှိုင်၊ စိုင်းခမ်းလိတ်၊ လွှမ်းမိုး၊ မင်းဒဿ၊ ဆူး၊ ဇော်နိုင်၊ ကိုပေါက် (အိမ်ဂျယ်တယော)၊ နိုင်ဇော်၊ စိုးလွင်လွင်တို့က ရေးသားပေးထားပြီး Art Robots Music Band ဖြင့် တီးခတ်ထားခြင်းဖြစ်ကာ Immortal Studio တွင် အသံသွင်းထားပြီး ဒါရိုက်တာ နိုင်ဇော် ( Guitarist) က တာဝန်ယူကာ တေးသရုပ်ဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ သီချင်းတွေကို ၁၃ ပုဒ်ထည့်ထားပါတယ်။ သီချင်းအသစ် သုံးပုဒ်ကိုတော့ ကိုနိုင်ဇော်က ရေးပေးထားတာပါ။ ငယ်ငယ်ကတည်းက သီချင်းတွေကို အရမ်းကြိုက်တယ်။ အဲဒါကြောင့် တစ်ချိန်က အောင်မြင်ခဲ့တဲ့ သီချင်းတွေကို ဆိုဖြစ်တာပါ။ အရင်ထဲက ဆိုချင်နေတာမို့လို့ ကျွန်တော့်အနေနဲ့ သီဆိုဖြစ်တာပါ။ ပရိသတ်အကြိုက်သီချင်းတွေလဲပါပါတယ်။ ကိုနိုင်ဇော်ကပဲ ဒါရိုက်တာအနေနဲ့ ရိုက်ကူးပေးထားပါတယ်"ဟု အဆိုတော် ဂျိုးက ပြောပြသည်။

အဆိုတော် ဂျိုးသည် ၂၀၂၂ ခုနှစ်က "၁၅၀၀ ပြေပြေလမ်း" တေးစီးရီးတစ်ခု ထွက်ရှိထားသူဖြစ်ပြီး "အားလုံးလက်တွေ အတူတူတွဲထားပါ" တေးသီချင်းကို မန်းသီရိတေးသံသွင်းမှ ဖြန့်ချီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Fantastic Four: First Steps ဇာတ်ကား စတင်ရုံတင်သည့်နေ့တွင် ကန်ဒေါ်လာ ၅၇ သန်းထိရရှိ

နယူးယောက် ဇူလိုင် ၂၈

မာဘယ်စတူဒီယို၏ Fantastic Four: First Steps ဇာတ်ကားသည် အမေရိကန်ဈေးကွက်၌ စတင်ရုံတင်သည့်နေ့တွင် ဝင်ငွေအမေရိကန်ဒေါ်လာ ၅၇ သန်းထိ ရရှိခဲ့ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

မာဘယ်စတူဒီယို၏ Fantastic Four: First Steps ဇာတ်ကားကို ဇူလိုင် ၂၅ ရက်တွင် အမေရိကန်ဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်တို့၌ စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ ဝင်ငွေအတိုင်း စာရင်းအရ Fantastic Four: First Steps ကို ရုံတင်ပြီး ပထမသီတင်းပတ်တွင် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၁၂၀ နှင့် ၁၂၅ သန်းထိ ရှိလာနိုင်ကြောင်း သိရသည်။

Fantastic Four: First Steps ဇာတ်ကားကို ဒါရိုက်တာ မက်ရှက်မန်းက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား ပက်ဒရိုပါစကယ်၊ ဂျိုးဆက်ကွင်း၊ မင်းသမီး ဗန်နီဆာကာဘီ၊ ဂျူလီယာဂါနာတို့ ပါဝင်ထားသည်။

မာဘယ်စတူဒီယိုသည် Fantastic Four: First Step အတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ သန်း ၂၀၀ထိ သုံးစွဲထားသည်။

Ref : Sputnik News
Trs : KKO




# Amazon MGM ၏ Artificial ဇာတ်ကား၌ မင်းသား ဂျေဆင်ရှဝါတ်မင်း ပါဝင်မည်

နယူးယောက် ဇူလိုင် ၂၈

Amazon MGM စတူဒီယို၏ Artificial ဇာတ်ကား၌ မင်းသား ဂျေဆင်ရှဝါတ်မင်းလည်း ပါဝင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

Artificial ဇာတ်ကားတွင် မင်းသား ဂျေဆင်ရှဝါတ်မင်းသည် မင်းသား အင်ဒရူးဂါဖီ၊ ယူရီဘော့ရစ်ဆော့၊ ကူးပါးဟော့မင်း၊ မင်းသမီး မိုနီကာဘာဘာရိုတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Artificial ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM စတူဒီယိုက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် Artificial ဇာတ်ကားသည် လူ့ဉာဏ်ရည်တုနည်းပညာနယ်ပယ်ကို နောက်ခံထားရိုက်ကူးမည့် ဟာသဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

Artificial ဇာတ်ကားကို ဒါရိုက်တာ လူကာဂွါဒါနီနိုက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဆိုင်မွန်ရစ်ချ ရေးသားပေးထားကြောင်း သိရသည်။

Artificial ဇာတ်ကားစတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Amazon MGM က ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# SAC Chairman Prime Minister Senior General Min Aung Hlaing delivers inaugural speech at opening of Post Earthquake Technical Forum


Senior General Min Aung Hlaing delivers an inaugural speech at opening of the Post Earthquake Technical Forum.

**Nay Pyi Taw July 28**

A ceremony to launch the Post-Earthquake Technical Forum under the title of technically reviewing post-earthquake construction and renovation process and preparing potential technical challenges in the future was held at Mingala Thiri Hotel in Nay Pyi Taw this morning, with an opening address by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the forum were Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, Council Joint Secretary General Ye Win Oo, SAC members, Union-level dignitaries, Union ministers, senior military officers from the Office of the Commander-in-Chief, deputy ministers, experts at home and abroad, engineers from Myanmar Engineering Council, the Myanmar Architects Council, the Federation of Myanmar Engineering Societies, the Expert Committee for the Supervision and Inspection of High-Rise and Public-Use Building Construction Projects, the Myanmar Geosciences Society, and the Myanmar Earthquake Committee, and guests.

First, the Senior General and forum participants observed a one-minute silence for demise of monks and people in the devastating Mandalay earthquake in memory of today's 4th month incident.

They all viewed a video clip on the technically reviewing post-earthquake construction and renovation process and preparing potential technical challenges in the future.

Speaking on the occasion, the Senior General said that throughout the world, people in various countries have established and lived their lives, and since the time civilization advanced, they have built their daily lives upon the creations of nature using their own innovations and technologies to ensure comfort, smoothness, and safety.


Senior General Min Aung Hlaing visits an exhibition booth of the Post Earthquake Technical Forum.

Although humans have lived in harmony with nature through their innovations and creations, it is widely recognized that they cannot avoid the natural disasters that are another gift from the Earth. Based on scientific knowledge developed throughout human history, there are natural hazards such as typhoons, floods, and forest fires that can be anticipated and mitigated. However, there are also natural disasters like earthquakes, which cannot be precisely predicted and must be faced when they occur. Among various types of natural hazards, earthquakes pose significant risks not only to developing countries but also to countries that are somewhat developed or fully developed, requiring preparedness to minimize the potentially devastating damage they can cause.

Myanmar, historical records show that since 1839 up to the present day, there have been about 20 major earthquakes measuring Richter scale 6 and above, causing significant destruction and loss. It is also well known that on 28 March 2025, an earthquake measuring 7.7 on the Richter scale struck, causing damage to five states and regions including Mandalay, Sagaing, and Nay Pyi Taw. This Mandalay earthquake was felt along the Sagaing Fault Line, as is widely recognized.

Due to the Mandalay earthquake, 3,739 monks and civilians lost their lives. Although this death toll is significantly lower compared to major earthquakes worldwide that have resulted in hundreds of thousands of casualties, it remains a tragic and heartbreaking event for our country. As for the damage to infrastructure, more than 50,000 houses, along with roads, bridges, transmission towers, schools, hospitals, religious buildings, and numerous factories and workplaces were severely damaged or destroyed.

*See Page 13*


Senior General Min Aung Hlaing presents a certificate of honour.


Senior General Min Aung Hlaing presents a certificate of honour.


Senior General Min Aung Hlaing presents a certificate of honour.

*From Page 12*

The government has initially provided financial support of K500 billion to help citizens rebuild their damaged homes and shelters. In addition, an additional K2 trillion are being continuously allocated to support ongoing reconstruction and restoration efforts.

It is widely known that, despite advancements in scientific knowledge, earthquake hazards cannot yet be predicted with precision. In such circumstances, the best course of action is to prepare as thoroughly as possible. Preparedness does not only involve ensuring timely rescue operations and swift post-disaster recovery efforts but also includes anticipating ways to minimize loss of life and property when natural disasters strike. This is a crucial aspect of disaster management.

Today's Post-Earthquake Technical Forum aims not only to discuss recovery and reconstruction efforts following the devastating Mandalay earthquake but also to strategize how Myanmar—situated on an active seismic fault—can minimize future earthquake damage. Therefore, it is essential to effectively identify and discuss the needs of the country's construction sector.

Many countries worldwide suffer from earthquakes. Among them, Asian nations like Japan, China, and Indonesia have utilized advanced technology and high-quality construction materials to build skyscrapers and high-rise structures. We must ask ourselves: Why can't we do the same?

For national development, the construction sector is vital. Ensuring that buildings are durable and meet high-quality standards is critical. Since earthquakes remain unpredictable and unavoidable, infrastructure must comply with seismic-resistant standards to effectively protect lives and property.

After the Mandalay earthquake, government offices and residential buildings were inspected by teams from the Ministry of Construction, other relevant ministries, engineers from the Myanmar Engineering Council, the Myanmar Engineering Society, and the High-Rise and Public Building Construction Project Supervision Committee. They assessed damage levels and categorized structures accordingly. Additionally, Standard Operating Procedures (SOPs) were developed for repairing earthquake-damaged buildings, roads, and bridges, as well as for restoring ancient monuments, pagodas, and religious structures in collaboration with the Ministry of Religious Affairs and Culture. A Building Rehabilitation and Reconstruction Supervision Committee was also formed to oversee systematic reconstruction efforts.

To ensure construction standards, the Ministry of Construction, in collaboration with the Myanmar Engineering Council, Myanmar Architects Council, Myanmar Engineering Society, Myanmar Geoscience Society, and the Myanmar Earthquake Committee, has been updating the Myanmar National Building Code (MNBC) since its initial release in 2012. Revisions in 2016 and 2020 incorporated seismic zone maps and structural failure analyses. The upcoming MNBC 2025 will integrate new geological data from the Mandalay earthquake, introducing enhanced seismic design standards and calculation methods to create an Earthquake-Resilient Design Framework.

Only when all stakeholders in the entire construction industry from importers and domestic producers of construction materials such as cement, iron and steel to designers, developers, contractors and supervisors cooperate conscientiously, will infrastructures we are building today withstand future earthquakes and safety of lives and property of the people be ensured.

Therefore, technicians participating in today's Post-Earthquake Technical Forum are urged to discuss and find solutions frankly to abide by rules and regulations issued in accordance with the reality of construction works fully.

In conclusion, the Senior General urged all stakeholders including government staff, engineers and architects from the private sector, developers, importers, producers and distributors of construction materials, who are shouldering their respective duties in the construction sector of the country to make concerted efforts to create and build safe and secure infrastructures for citizens in the future through the Post-Earthquake Technical Forum held today.

Then, the Senior General presented certificates of honour to chairmen and officials of the Myanmar Engineering Council, the Myanmar Architect Council, the Federation of Myanmar Engineering Societies, the Supervisory Committee for High-rise Buildings and Public Infrastructure Construction Projects, the Myanmar Geosciences Society and Myanmar Earthquake Committee, who carried out damage assessments and established earthquake clinics.

Afterward, resource persons for respective papers and sectors at the Post-Earthquake Technical Forum for technical review for post-earthquake reconstruction and future technical challenges introduced themselves.

Then, the Senior General and participants posed for documentary photographs.

Afterward, the Senior General and attendees viewed the exhibition booths of the forum attentively.

The Post-Earthquake Technical Forum for technical review for post-earthquake reconstruction and future technical challenges will continue until 29 July with the aim of finding technical solutions for reconstruction of infrastructures damaged during the Mandalay earthquake and preparations for future technical challenges.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 2,000 acres of vegetables planted in Mingin Township this monsoon

**Mingin July 28**

Data of the Mingin Township Agriculture Department in Sagaing Region stated that local farmers have planted 2,131 acres of vegetables in Mingin Township this year.

For the 2025–2026 monsoon crop season, it is planned to cultivate 3,028 acres of vegetables in Mingin Township. Cultivation began in May this year, and as of today, 2,131 acres have already been planted.

"This year, more than 3,000 acres of vegetables are planned to be cultivated in Mingin Township during the monsoon season. So far, over 2,000 acres have been planted, and cultivation is still ongoing. Efforts are being made to meet the planned acreage. The vegetable crops being grown include gourd, mustard, chilli, herbs, potatoes, cabbage, eggplant, and cauliflower. Farmers are being trained to grow all these vegetables using GAP (Good Agricultural Practices) methods. We are also providing them with techniques to grow these vegetables in a health-conscious manner, minimizing the use of chemical residues," said Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture.

This year, the Township Department of Agriculture has been providing technical training to vegetable farmers in Mingin Township to implement GAP practices, ensure the vegetables harvested are healthy and safe for consumption, and encourage farmers to expand their vegetable cultivation.

Vegetable farming takes place seasonally each year in Mingin Township, and the cultivated crops have been successful, generating income for families. The Township Department of Agriculture is also providing guidance on proper cultivation techniques, pest prevention, and the use of organic fertilizers, natural pesticides, and repellents for the benefit of the farmers. 206

# More than 60,000 acres of maize and sweet corns planted in Kanbalu Township

**Kanbalu July 28**

A total of 63,290 acres of maize and sweet corns have been planted in Kanbalu Township of Sagaing Region this year, according to the township Agriculture Department.

For the 2025-2026 monsoon crop season, it is planned to cultivate a total of 89,681 acres of maize in Kanbalu Township, with 88,931 acres designated for maize and 750 acres for sweet corn. Cultivation began in May this year, and as of today, 62,957 acres of maize and 333 acres of sweet corn, totaling 63,290 acres, have already been cultivated.

"The target for this year's monsoon crop season in Kanbalu Township is to grow more than 89,000 acres of maize and sweet corn. As of today, over 63,000 acres have been planted. Efforts are ongoing to meet the targeted acreage. We're also providing education to ensure successful maize cultivation and to prevent pest and disease outbreaks," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

This year, the Kanbalu Township Department of Agriculture has been providing training sessions, field demonstrations, and educational activities for maize and sweet corn farmers. These include preventive measures against stalk borer, Integrated Pest Management (IPM) techniques, and information on the use of neem pesticide, ginger, and chili pest control methods, along with general agricultural guidance.

In Kanbalu Township, maize yields over 50 baskets per acre, with a cost of around K500,000 per acre. Sweet corn yields about 15,000 ears per acre, with a cost exceeding K500,000 per acre.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဒိန်းမတ်နိုင်ငံက VL MICA လေကြောင်းရန်ကာကွယ်ရေးစနစ်များဝယ်ယူရန် ပြင်သစ် MBDA ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



ဒိန်းမတ်နိုင်ငံသည် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေး စွမ်းရည် (Jordbas- eret Luftforsvar, JBL) တည်ဆောက်ရေး၏ ကနဦးအဆင့်အဖြစ် ပြင်သစ်ထုတ် VL MICA လေကြောင်းရန် ကာကွယ်ရေးစနစ်များ ဝယ်ယူရန်ပြင်သစ် MBDA ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ဒိန်းမတ်ကာကွယ်ရေးဆိုင်ရာဝယ်ယူရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့ (FMI)က အတည်ပြုပြောကြားကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဝယ်ယူမှုသည် စစ်ဘက်ဝယ်ယူမှုများကို အရှိန်မြှင့်တင်ရန် ဖွဲ့စည်းထားသည့် Accelerationsfonden အစီအစဉ် အောက်တွင် စစ်ဦးစီးချုပ်၏ အကြံပြုချက်အရ အတည်ပြုခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင်တွင် ချုပ်ဆိုခဲ့သော ၎င်းစာချုပ်တွင် ပြန်လည်ပြင်ဆင်ထားသော စနစ်များပါဝင်ပြီး VL MICA စနစ်များကို ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းတွင် ပေးပို့သွားမည်ဖြစ်ပြီး ၎င်းနှစ်ကုန်တွင် စတင်အသုံးပြုနိုင်ရန် ရည်ရွယ်သည်။ ၎င်းကြိုးပမ်းမှုသည် ၂၀၀၄ ခုနှစ်တွင် HAWK စနစ် တပ်တော်ဝင်ရပ်ဆိုင်းခဲ့ပြီး နောက် ဒိန်းမတ်နိုင်ငံတွင် မြေပြင်အခြေစိုက်လေကြောင်း ကာကွယ်ရေး စွမ်းရည်အားနည်းနေမှုအပေါ် တုံ့ပြန်ဆောင်ရွက်လာခဲ့ခြင်းလည်းဖြစ်သည်။

ထိုအချိန်မှစ၍ ယူကရိန်းပဋိပက္ခ မစတင်မီထိ ဒိန်းမတ်သည် လေကြောင်းကာကွယ်ရေးအတွက် တိုက်လေယာဉ်များနှင့် ရေတပ်သင်္ဘောများကိုသာ အားထားခဲ့ရသည်။ ယခုဝယ်ယူမှုသည် အတွင်းယာယီလေကြောင်းကာကွယ်ရေး စွမ်းအားများ ပိုင်ဆိုင်ထားနိုင်မည်ဟု မျှော်မှန်းရသည်။ ရည်ရွယ်ချက်မှာ အမျိုးသား JBL စွမ်းရည်ကိုပြန်လည်ထူထောင်ရန်ဖြစ်ပြီး VL MICA နှင့် NASAMS ကဲ့သို့သော တာတိုပစ်စနစ်များသည် ပထမအလွှာအဖြစ်ပါဝင်လာမည်ဖြစ်သည်။ VL MICA စနစ် များကို လက်ရှိ ငှားရမ်းထားသော NASAMS စနစ်နှင့် European Sky Shield Initia- tive (ESSI) ကုမ္ပဏီမှတစ်ဆင့် ဝယ်ယူရန် စီစဉ်ထားသည့် IRIS-T SLM စနစ်တို့နှင့် ပေါင်းစည်း အသုံးပြုသွားမည်ဖြစ်သည်။

ပြင်သစ် MBDA ကုမ္ပဏီက ထုတ်လုပ်သော VL MICA လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ၃၆၀ ဒီဂရီပတ်လည် ကာကွယ်ရေးအတွက် ဒီဇိုင်းထုတ်ထားသော ဒေါင်လိုက်ပစ်လွှတ်နိုင်သည့် တာတိုပစ် မြေပြင်-ဝေဟင်ဒုံးကျည်စနစ်ဖြစ်သည်။ ၎င်းသည် တိကျပဲ့ထိန်းဗုံးများ၊ ခရုဇ်ဒုံးကျည်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် မောင်းသူပါလေယာဉ်များကဲ့သို့သော ပစ်မှတ်များကို ကြားဖြတ်ပစ်ချနိုင်စွမ်းရှိသည်။ ဒုံးကျည်တစ်ခုလျှင် အလေးချိန် ၁၁၂ ကီလိုဂရမ်ရှိပြီး အရှည် ၃ ဒသမ ၁ မီတာရှိကာ အချင်း မီလီမီတာ ၁၆၀ ရှိသည်။ ၎င်းတွင်ရုပ်ပုံဖမ်း အနီအောက်ရောင်ခြည် (IR) သို့မဟုတ် အစွမ်းထက်ရေဒါ(RF) အာရုံခံစနစ်တို့ ပါဝင်သည်။ အကွာအဝေး ကီလိုမီတာ ၂၀၊ အမြင့်ပေ ၃၀၀၀၀ ထိ တိုက်ခိုက်နိုင်သည်။

ဒုံးပစ်လောင်ချာတစ်ခုတွင် ဒုံးကျည် လေးစင်းစီတပ်ဆင်နိုင်ပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း ပစ်မှတ်လေးခုကို ခြောက်စက္ကန့်အတွင်း တိုက်ခိုက်နိုင်သည်။ ဖြန့်ကြက်ချိန် ၁၀ မိနစ် ကြာမြင့်ပြီး အော်ပရေတာ နှစ်ဦးဖြင့် ကျည်ပြန်လည်ဖြည့်ရန် ၁၅ မိနစ် ကြာမြင့်မည်ဖြစ်သည်။ လက်နက်စနစ်တွင် ဒုံးကျည်ထည့်သွင်းသိုလှောင်ရန် ကွန်တိန်နာပါဝင်ပြီး သက်တမ်းအားဖြင့် ၂၅ နှစ်ကြာ သိမ်းဆည်းထားနိုင်မည်ဖြစ်သည်။ ငါးနှစ်တစ်ကြိမ် စစ်ဆေးခြင်းမှအပ ကြံ့ခိုင်ထိန်းသိမ်းမှုမလိုအပ်ဘဲ Built-in testing စနစ်နှင့် အဝေးထိန်းစောင့်ကြည့်ခြင်းစနစ်တို့ ပါဝင်ကြောင်း သိရသည်။

**Denmark orders first French VL MICA air defense systems to intercept missiles across key areas** ကို ဘာသာပြန်ဆိုထားပါသည်။

## တောင်ကိုရီးယားနိုင်ငံ Nearthlab ကုမ္ပဏီက မျိုးဆက်သစ်တိုက်ခိုက်ရေးဒရုန်း(XAiDEN)ကို တီထွင်ထုတ်လုပ်နိုင်ခဲ့

တောင်ကိုရီးယားနိုင်ငံ Nearthlab ကုမ္ပဏီက မျိုးဆက်သစ် တိုက်ခိုက်ရေးဒရုန်း(XAiDEN)ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဇူလိုင် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်း ဒရုန်းအမျိုးအစားသစ်သည် မော်တာကျည်များသယ်ဆောင်၍ ဉာဏ်ရည်တု နည်းပညာအသုံးပြုထားပြီး အုပ်ဖွဲ့တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

XAiDEN ဟု အမည်ပေးထားသော အဆိုပါတိုက်ခိုက်ရေးဒရုန်းသည် ရန်သူ့ဒရုန်းများ၊ ယာဉ်များ၊ အခြားရွေ့လျားပစ်မှတ်များကို ဒရုန်းကိုယ်ထည်တွင် တစ်ပါတည်းတပ်ဆင်ထားသည့် ထောက်လှမ်းရေးနှင့် အလိုအလျောက် ပေါင်းစပ်တိုက်ပွဲဝင်နိုင်စွမ်းတို့နှင့်အတူ တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းဒရုန်းသည် ၂၀၂၄ ခုနှစ်အတွင်း ထုတ်ဖော်ပြသခဲ့သည့် တောင်ကိုရီးယားနိုင်ငံထုတ် KAiDEN interceptor drone ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းနောက်တွင် ထပ်မံထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး လေကြောင်းရန် ကာကွယ်ရေးအခန်းကဏ္ဍမှသည် ဘက်စုံသုံးတိုက်ခိုက်ရေးဒရုန်းအဖြစ်သို့ တိုးတက်ကူးပြောင်းလာမှုကို ဖော်ညွှန်းပြသနေခြင်းလည်းဖြစ်သည်။

၎င်းဒရုန်းသည် အမျိုးအစားတူ ဒရုန်း ၁၀ စင်းထိ အုပ်ဖွဲ့လုပ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်ပြီး ဆက်သွယ်ရေးစနစ်ချိတ်ဆက်ထားသော ခေါင်းဆောင်ဒရုန်းတစ်စင်းမှ ကျန်ဒရုန်းများကို ဂျီပီအက်စ် သို့မဟုတ် ဆက်သွယ်ရေးစနစ်များ ဖိဖျက်နှောင့်ယှက်ထားသော ပတ်ဝန်းကျင်အခြေအနေမျိုးတွင် အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

ထို့ကြောင့် ဆက်သွယ်ရေးစနစ်ပါရှိသော ဦးဆောင်ဒရုန်းတစ်စင်းသာ လိုအပ်မည်ဖြစ်သည်။ ဒရုန်းများကို တစ်ပြိုင်နက်တည်း လွှတ်တင်နိုင်ပြီး သီးခြားတာဝန်များဖြစ်သော ကင်းထောက်ခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန်အတွက် ခွဲထွက်၍မပျံသန်းသွားမီထိ လေထဲတွင် အုပ်ဖွဲ့ပျံသန်းနေနိုင်မည်ဖြစ်သည်။

XAiDEN ဒရုန်းသည် တိုက်ရိုက်သရုပ်ပြစမ်းသပ်မှုအတွင်း ပစ်မှတ်ကို AI နည်းပညာဖြင့် ထောက်လှမ်းသိရှိပြီး ခြေရာခံထိန်းကျောင်းနိုင်ကြောင်း Nearthlab ကုမ္ပဏီ၏ YouTube ချန်နယ်လ်မှ Scre- engrab ဓာတ်ပုံကို ထုတ်လွှင့်ပြသခဲ့သည်။ ဒရုန်းများ အုပ်ဖွဲ့ပျံသန်းစစ်ဆင်ရာတွင် ဒရုန်းတစ်စင်း ချို့ယွင်းမှုဖြစ်ပေါ်ပါက အခြားဒရုန်းတစ်စင်းကို ချက်ချင်းတာဝန်လွှဲပြောင်းပေးနိုင်ပြီး ရည်မှန်းချက်တာဝန်များကို ရာနှုန်းပြည့် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ကုမ္ပဏီမှ အခိုင်အမာပြောကြားထားသည်။



XAiDEN တိုက်ခိုက်ရေးဒရုန်းကို ၎င်းတို့၏ ထုတ်ကုန်များစာရင်းတွင်ထည့်သွင်းပြီးနောက် Nearthlab ကုမ္ပဏီသည် ယခုနှစ်တွင် စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ သန်း ရရှိရန် မျှော်မှန်းထားပြီး ပြီးခဲ့သည့်နှစ်၏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ သန်း ထက် နှစ်ဆနီးပါး တိုးတက်လာမည်ဖြစ်သည်။ လက်ရှိတွင် ကုမ္ပဏီသည် ကိုယ်တိုင်တိုက်ခိုက်နိုင်စွမ်းရှိသည့်လက်နက်များ တီထွင်ထုတ်လုပ်ရေးဘက်သို့ ဦးတည်နေပြီး KAiDEN နှင့် XAiDEN တိုက်ခိုက်ရေးဒရုန်းအမျိုးအစား နှစ်ခုစလုံး၏ ဒုတိယမျိုးဆက်များကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

"AI နည်းပညာသုံး ဒရုန်းတွေဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ တိုက်ရိုက်ပတ်သက်နေတာကြောင့် တကယ့်ကိုယ်ပိုင်ဖန်တီးထုတ်လုပ်နိုင်တဲ့ နည်းပညာပိုင်ဆိုင်ထားဖို့က အခြားဘယ်နယ်ပယ်ထက်မဆို ပိုအရေးကြီးပါတယ်။ နိုင်ငံတော်ရဲ့ မဟာဗျူဟာမြောက်စွမ်းရည်တွေ တီထွင်ထုတ်လုပ်ပေးနေတဲ့ ကုမ္ပဏီတစ်ခုအနေနဲ့ ကျွန်တော်တို့ရဲ့ တာဝန်ဝတ္တရားတွေကို ကျေပွန်စွာ ထမ်းဆောင်သွားမှာပါ"ဟု Nearthlab ကုမ္ပဏီ CEO ဖြစ်သူ Choi Jae-hyuk က ပြောကြားခဲ့သည်။

**South Korea Introduces Mortar-Carrying AI Drone** ကို ဘာသာပြန်ဆို ထားပါသည်။

**မင်းမျိုး**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကျောက်မြောင်း ဇူလိုင်၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံ ဧက ၅၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၀၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲစင်းငုံ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ကတော့ လျာထားကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းတိုးတက်ကောင်းမွန်ရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် ပဲစင်းငုံကို အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ပေါ်ဆန်းမွှေးဆန်များ အရောင်းအဝယ်ကောင်းမွန်နေ



**ကျောင်းကုန်း ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ပေါ်ဆန်းမွှေးဆန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဇူလိုင်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက် ပေါ်ဆန်းမွှေးဆန်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေသဖြင့် အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းမွှေးဆန်များတစ်ရက်လျှင် အိတ်ရေ ၁၀၀၀ နှင့်အထက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပေါ်ဆန်းမွှေးဆန်အမျိုးအစားက အခြားဆန်တွေထက် တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးအား ကောင်းလာတာကြောင့်လဲ အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ပေါ်ဆန်းမွှေးဆန်တွေက နွေကာလက ကျန်တဲ့ ဆန်အဟောင်းတွေပါ။ ပေါ်ဆန်းမွှေးဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ ဆန်စပါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလာပါတယ်။ လက်ရှိ ဒေသထွက်ဆန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းနေပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ပေါ်ဆန်းမွှေးဆန်များ အပါအဝင် အခြားဆန်များကို စနစ်တကျ ထုပ်ပိုးသန့်စင်ပြီး ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းမွှေးဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် ကုတင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ထိန်အင်းကျေးရွာအုပ်စု ကုတင်ကြီးကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၆၀၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကုတင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၅၅၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦး အတွက် ငွေကျပ် ၆၀၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# နမ့်စန်မြို့နယ် လိုက်ခါးကျေးရွာ၌ သဲဖြူနှံးလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး



**နမ့်စန် ဇူလိုင် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် လိုက်ခါးကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြူနှံးခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက လိုက်ခါးကျေးရွာ၌ သဲဖြူနှံးလမ်းခင်းခြင်းလုပ်ငန်း ဆောက်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များကို လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လိုက်ခါးကျေးရွာ၌ လမ်းအရှည် ပေ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၇ လက်မရှိ ကျေးရွာတွင်းလမ်း သဲဖြူနှံးခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၄ သန်း အသုံးပြု၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း၊ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါ ကျေးရွာ၌ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း သိရသည်။ **သံသာ**


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Damage Assessment နှင့် Earthquake Clinic ဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူများကို အထိမ်းအမှတ်ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်စဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Damage Assessment နှင့် Earthquake Clinic ဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူများကို အထိမ်းအမှတ်ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်စဉ်။

**ရှေ့ဖုံးမှအဆက်**

ပြည်တွင်း၊ပြည်ပ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံမြေငလျင်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဝင် ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသည့် အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ယနေ့တွင်ကျရောက်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှု လေးလပြည့်အဖြစ် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသော ရဟန်းရှင်လူပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက တစ်မိနစ်ငြိမ်သက်စွာရပ်တန့်ကြသည်။

ထို့နောက် "ငလျင်ကာလအလွန် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း" မှတ်တမ်း Video ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နေရာအနှံ့အပြား၌တိုင်းပြည်နိုင်ငံအသီးသီး ထူထောင်နေထိုင်ခဲ့ကြသည့် လူသားများသည် ယဉ်ကျေးတိုးတက်လာသည့်ကာလမှစပြီး သဘာဝတရား၏ ဖန်တီးထားမှုများအပေါ် နေ့စဉ်လူနေမှုဘဝအဆင်ပြေချောမွေ့လုံခြုံမှုရရှိစေရေး မိမိတို့၏တီထွင်ဖန်တီးမှုနည်းပညာများဖြင့် တည်ဆောက်နေထိုင်လာကြခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ သဘာဝတရားနှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ဖန်တီးနေထိုင်ခဲ့ကြသော်လည်း ကမ္ဘာမြေကြီး၏ နောက်ထပ်ပေးထားချက်တစ်ရပ်ဖြစ်သည့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းများကိုမူ ရှောင်လွှဲ၍မရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ လူ့သမိုင်းတစ်လျှောက် တိုးတက်ဖြစ်ထွန်းလာသည့် သိပ္ပံပညာရပ်များအပေါ် အခြေခံပြီး ကြိုတင်သတိပေးကာကွယ်နိုင်သည့် လေပြင်းမုန်တိုင်းအန္တရာယ်၊ရေကြီးရေလျှံမှုအန္တရာယ်၊တောမီးလောင်ကျွမ်းမှုအန္တရာယ်များရှိသကဲ့သို့ မြေငလျင်အန္တရာယ်ကဲ့သို့ သေသတိကျစွာ ကြိုတင်ခန့်မှန်းခြင်းမပြုနိုင်ဘဲရင်ဆိုင်ကြရသည့် သဘာဝဘေးအန္တရာယ်မျိုးလည်းရှိကြောင်း၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများအနက်မြေငလျင်သည် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက အတိုင်းအတာတစ်ခုထိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နိုင်ငံများ၊ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပါ ကြိုတင်ပြင်ဆင်မှုလိုအပ်ချက်ရှိလျှင်ရှိသကဲ့သို့ ထိခိုက်ဆုံးရှုံးမှုကြီးမားစေသည့် သဘာဝဘေးအမျိုးအစားလည်း ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံ၌လည်း စတင်ပြီးသမိုင်းမှတ်တမ်းတင်နိုင်ခဲ့သည့် ၁၈၃၉ ခုနှစ်မှ ယနေ့ကာလအထိ ရစ်ချ်တာစကေး ၆ နှင့်အထက် ငလျင်ကြီးပေါင်း အကြိမ် ၂၀ ခန့် လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်ကို သမိုင်းမှတ်တမ်းများအရသိရှိကြပြီးဖြစ်ကြောင်း၊၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်သွားခဲ့ပြီး မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးငါးခု၌ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေခဲ့သည့်မန္တလေးငလျင်ကြီးသည်လည်း စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

အဆိုပါ မန္တလေးငလျင်ကြီးကြောင့် ရဟန်းရှင်လူပြည်သူ ၃၇၃၉ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ကမ္ဘာပေါ်တွင်ဖြစ်ပွားခဲ့သည့်အသက်ဆုံးရှုံးမှုအရေအတွက် သိန်းဂဏန်းရှိသော ငလျင်ကြီးများနှင့်နှိုင်းယှဉ်ပါက များစွာလျော့နည်းသက်သာသော်လည်း မိမိတို့နိုင်ငံအတွက် ကြေကွဲဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ရကြောင်း၊ အခြေခံအဆောက်အအုံပျက်စီးမှုများအနေဖြင့်လူနေအိမ် ၅၀၀၀၀ ကျော်အပါအဝင် လမ်း၊တံတားများ၊တာဝါတိုင်များ၊ ကျောင်း၊ ဆေးရုံများ၊ သာသနိကအဆောက်အအုံများ၊စက်ရုံ၊ အလုပ်ရုံများစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း။

ပြည်သူများကို နေအိမ်တိုက်တာအိုးအိမ်ပျက်စီးမှုများ ပြန်လည်ထူထောင်နိုင်ရေးကိုလည်း နိုင်ငံတော်က ကနဦးမတည် ငွေကျပ်ဘီလီယံ ၅၀၀ ထောက်ပံ့ဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် နောက်ထပ် ကျပ်ငွေနှစ်ထရီလီယံကိုလည်း ဆက်လက်ထောက်ပံ့ပေးနေကြောင်း။

ငလျင်ဘေးအန္တရာယ်ကို ယခုအချိန်အထိတိုးတက်သည့် သိပ္ပံပညာရပ်များနှင့် တိကျစွာကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသေးသည်မှာလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့အခြေအနေမျိုးတွင် မိမိတို့အနေဖြင့်ဆောင်ရွက်နိုင်သည်မှာ တတ်နိုင်သမျှ အကောင်းဆုံး ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းဆိုရာတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်းသာမက သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်တွင် ပြည်သူများ၏ အသက်အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် ကြိုတင်မြော်တွေးပြင်ဆင်ခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် "ငလျင်ကာလအလွန်နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post–Earthquake Technical Forum)" သည် ဖြစ်ပွားပြီးသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ကုစားရန်နှင့်ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက်သာမက ငလျင်ပြတ်ရွေ့ကြောပေါ်တွင်တည်ရှိနေသည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ရင်ဆိုင်ရသည့်အခါ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် မည်ကဲ့သို့ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြမည်ဆိုသည်ကိုဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သောကြောင့် မိမိတို့နိုင်ငံရှိ တည်ဆောက်ရေးကဏ္ဍ၏ လိုအပ်ချက်များကို ထိရောက်အကျိုးရှိစွာ ဖော်ထုတ်ဆွေးနွေးပေးကြရန် မှာကြားလိုကြောင်း။

ကမ္ဘာတွင် ငလျင်ဒဏ်ခံရသည့်နိုင်ငံများစွာရှိကြောင်း၊ယင်းတို့အနက် ဂျပန်၊တရုတ်၊ အင်ဒိုနီးရှားစသည့် အာရှနိုင်ငံများသည်

နည်းပညာနှင့် အရည်အသွေးကောင်းသည့် တည်ဆောက်ရေးပစ္စည်းများကို အသုံးပြုပြီး မိုးမျှော်တိုက်များ၊ အထပ်မြင့်၊ အဆင့်မြင့် အဆောက်အအုံများ တည်ဆောက်နိုင်သည်ကိုတွေ့နိုင်ကြောင်း၊ မိမိတို့သည်လည်း မည်သည့်အတွက်ကြောင့် မလုပ်ဆောင်နိုင်ရမည်နည်းဟု စဉ်းစားနိုင်ရန် လိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့်တည်ဆောက်ရေးကဏ္ဍတွင် တည်ဆောက်သည့် အဆောက်အအုံများ၏ အရည်အသွေးပြည့်ဝပြီးခိုင်ခံ့ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိတို့လူသားများအနေဖြင့် ယနေ့အချိန်ထိ ကြိုတင်ခန့်မှန်းခြင်းမပြုနိုင်သကဲ့သို့ရှောင်လွှဲ၍လည်း မရနိုင်သည့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုးနှင့်ရင်ဆိုင်ရသည့် အချိန်မျိုးတွင် မိမိတို့ထူထောင်တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်းအရည်အသွေးများနှင့်ကိုက်ညီမှသာ မိမိတို့ပြည်သူများ၏အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးရခြင်းများမှထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးသည့်နောက် ထိခိုက်ပျက်စီးခဲ့ရသည့် နိုင်ငံပိုင်ရုံးအဆောက်အအုံနှင့် လူနေတိုက်တာအိမ်ခြေများကိုဆန်းစစ်သည့်နေရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်အခြားဝန်ကြီးဌာနများက အင်ဂျင်နီယာများ၊မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့တို့ ပူးပေါင်းစစ်ဆေးခဲ့ကြပြီး ပျက်စီးမှုအခြေအနေအလိုက် အရောင်ခွဲခြားသတ်မှတ်ခြင်းများဆောင်ရွက်ပေးခဲ့ကြသည့်အပြင် ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်နိုင်ရေး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း၊ တံတားများအတွက် ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက်ပြန်လည်ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure–SOP) နှင့်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ရှေးဟောင်းအဆောက်အအုံများ၊ဘုရား၊စေတီများနှင့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်နိုင်ရန်နှင့် အသစ်ပြန်လည်တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းနှင့်လုပ်ငန်းအဆင့်ဆင့်(Standard Operating Procedure–SOP)ကိုလည်းရေးဆွဲထုတ်ပြန်ပေးခဲ့ကြသည့်အတွက် များစွာကျေးဇူးတင်သည်ကိုပြောကြားလိုကြောင်း၊ ငလျင်ဒဏ်သင့်အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေးအတွက် “အဆောက်အအုံများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ”ကိုလည်းဖွဲ့စည်းတာဝန်ပေးအပ်ပြီးပြုပြင်တည်ဆောက်ရေးလုပ်ငန်းများစနစ်တကျဆောင်ရွက်စေလျက်ရှိကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများ၌ စံချိန်စံညွှန်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံ ငလျင်ကော်မတီ အပါအဝင် မြို့ပြအင်ဂျင်နီယာနှင့် ငလျင်ဆိုင်ရာအသင်းအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းပြုစုပြီး ၂၀၁၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(MNBC)ကို ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင်တစ်ကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့ကြပြီး ယခု ၂၀၂၅ ခုနှစ်တွင်လည်း မကြာမီက လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသော ဘူမိသိပ္ပံဆိုင်ရာအချက်အလက်များအပေါ်အခြေခံပြီး အနာဂတ်ကာလတွင် တွေ့ကြုံလာနိုင်ဖွယ်ရှိသည့် ငလျင်များအတွက် လုံလောက်သောစံချိန်စံညွှန်းသတ်မှတ်ချက်များ၊မတူကွဲပြားသည့် ဒေသအလိုက် ပိုမိုအသေးစိတ်တိကျသော ငလျင်ဇုန်မြေပုံများ ဖြည့်စွက်ထည့်သွင်းပေးခဲ့သည့်အပြင် ငလျင်လှုပ်ခတ်စဉ်ပျက်စီးခဲ့သည့်အဆောက်အအုံများ၏ ပျက်စီးမှုပုံစံ (Mode of Failure)များကို သုံးသပ်ပြီး အဆောက်အအုံအမျိုးအစားအလိုက် တွက်ချက်မှုနည်းစနစ်(Seismic Load Calculation Method)များကိုလည်း ထည့်သွင်းဖော်ပြပြီးထုတ်ဝေခဲ့ပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(MNBC) ၂၀၂၅ သည် ငလျင်ဒဏ်ခံနိုင်ရည်ရှိနိုင်မည့် Earthquake Resilient Design Framework တစ်ခုအဖြစ် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်းကိုလည်း သိရှိရကြောင်း။

တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့်ဘိလပ်မြေနှင့်သံ၊သံမဏိပစ္စည်း တင်သွင်းရောင်းချသူ၊ ပြည်တွင်းထုတ်လုပ်သူများမှစပြီး တွက်ချက်ပုံစံထုတ်သူပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊ ကန်ထရိုက်တာများ၊ကြီးကြပ်တည်ဆောက်သူအင်ဂျင်နီယာများနှင့် အရည်အသွေးစစ်ဆေးသူများအစရှိသည့် Construction Industry တစ်ခုလုံးတွင်ရှိကြသည့် အဆင့်ဆင့်သော Stakeholder များအားလုံးက စနစ်တကျဖြင့် အသိစိတ်ဓာတ်ရှိရှိပူးပေါင်းလိုက်နာဆောင်ရွက်ကြမှသာ ယနေ့မိမိတို့တာဝန်ယူတည်ဆောက်သော အခြေခံအဆောက်အုံများသည်အနာဂတ်ကာလများတွင် ငလျင်အန္တရာယ်ကြုံတွေ့လာသည့်အခါပြည်သူအများ၏အသက်အိုးအိမ်လုံခြုံမှုကိုပေးစွမ်းနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် ငလျင်ကာလအလွန်နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ (Post–Earthquake Technical Forum)တွင် တက်ရောက်လာကြသည့် ပညာရှင်များအနေဖြင့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ တည်ဆောက်နိုင်ရေး မိမိတို့နိုင်ငံရှိ တည်ဆောက်ရေးလုပ်ငန်းများ၏ပကတိအခြေအနေနှင့်သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်သည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအတိုင်း အပြည့်အဝလိုက်နာဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေးအဖြေရှာကြရန်ဆွေးနွေးမှာကြားလိုကြောင်း။

နိုင်ငံတော်၏ တည်ဆောက်ရေးကဏ္ဍတွင် ဦးထမ်းပဲ့ထမ်းဆိုသကဲ့သို့ နေရာစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ပုဂ္ဂလိကကဏ္ဍမှအင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ Developer များ၊တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချသူများအပါအဝင် Stakeholder များအားလုံးအနေဖြင့် **အနာဂတ်ကာလများတွင် မိမိတို့နိုင်ငံသူနိုင်ငံသားများအတွက်ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသော အခြေခံအဆောက်အအုံများ ဖန်တီးတည်ဆောက်ပေးနိုင်ရေး ယနေ့ကျင်းပသည့် ငလျင်ကာလအလွန်နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post–Earthquake Technical Forum)က တစ်ဆင့် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလို**ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Damage Assessment နှင့် Earthquake Clinic ဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းနှင့် မြန်မာနိုင်ငံမြေငလျင်ကော်မတီမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကို အထိမ်းအမှတ်ဂုဏ်ပြုမှတ်တမ်းများပေးအပ်သည်။

ထို့နောက် “ငလျင်ကာလအလွန်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင်ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက်ကြိုတင်ပြင်ဆင်ခြင်း”ငလျင်ကာလအလွန်နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) တွင် သုံးသပ်ဆွေးနွေးမည့်ခေါင်းစဉ်များ၊ ကဏ္ဍအလိုက် ဆွေးနွေးမည့်ပုဂ္ဂိုလ်များနှင့် စာတမ်းဖတ်ကြားမည့်ပုဂ္ဂိုလ်များက တစ်ဦးချင်းမိတ်ဆက်တင်ပြကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ငလျင်ကာလအလွန်နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ(Post Earthquake Technical Forum) အထိမ်းအမှတ်ပြခန်းများကိုစိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ “ငလျင်ကာလအလွန်တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများအတွက် နည်းပညာဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum)ကို မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် နည်းပညာဆိုင်ရာပြန်လည်သုံးသပ်ရန်နှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးသုံးသပ်ဆွေးနွေးအဖြေရှာနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ဇူလိုင် ၂၉ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post Earthquake Technical Forum) အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**အနာဂတ်ကာလများတွင် မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံသော အခြေခံအဆောက်အအုံများ ဖန်တီးတည်ဆောက်ပေးနိုင်ရေး ယနေ့ကျင်းပသည့် ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ(Post-Earthquake Technical Forum)ကတစ်ဆင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလို . . .**

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို
ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၃ /၂၀၂၅)
၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁၀) ၏နောက်တွင် ပုဒ်မခွဲငယ် (၁၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၁၁) ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
**စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၄/၂၀၂၅)**
၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်
(၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။
(ဂ) **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ**ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-
(၁) စစ်ဘက်ဆိုင်ရာ အဂ္ဂမဟာဗျူဟာများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ စစ်ဘက်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊
(၂) တပ်မတော်သုံးရေယာဉ်၊ လေယာဉ်၊ အခြားယာဉ်၊ စက်ယန္တရား၊ လက်နက်ခဲယမ်း၊ စစ်အသုံးအဆောင်ပစ္စည်းတို့နှင့်သက်ဆိုင်သည့် နည်းပညာများ၊ နည်းစနစ်များ၊ ထုတ်လုပ်တပ်ဆင်မှုပညာရပ်များနှင့် သတင်းအချက်အလက်များအပါအဝင် စစ်ဘက်ဆိုင်ရာနည်းပညာများ၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် နည်းစနစ်များ၊
(၃) စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်ဖြစ်သည်ဟု ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်ထားသည့်ကိစ္စရပ်များ။
(ဃ) **ကာကွယ်ရေးဝန်ထမ်းဆိုသည်မှာ အောက်ပါတစ်မျိုးမျိုးကို ဆိုသည်-**
(၁) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူ၊
(၂) ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရသူမဟုတ်စေကာမူ တပ်မတော်၏အစိတ်အပိုင်းတစ်ခုခုတွင် အချိန်ပိုင်းဖြစ်စေ၊ အမြဲတမ်းဖြစ်စေ လုပ်ကိုင်ဆောင်ရွက်နေသူ၊
(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊
(၄) ပြည်သူ့စစ်တပ်ဖွဲ့ဝင်။
(င) **ကာကွယ်ရေးဝန်ထမ်းဟောင်း**ဆိုသည်မှာ ကာကွယ်ရေးဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး လက်ရှိတာဝန်ထမ်းဆောင်ဆဲမဟုတ်သူကို ဆိုသည်။
(စ) **လေ့ကျင့်ပေးခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကိုအသုံးပြု၍ အောက်ဖော်ပြပါလေ့ကျင့်ပေးမှုတစ်ခုခုကိုဆိုသည်-
(၁) အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လေ့ကျင့်ပေးခြင်း၊
(၂) အမြဲတမ်းဖြစ်စေ၊ အမြဲတမ်းမဟုတ်ဘဲဖြစ်စေ လေ့ကျင့်ပေးခြင်း၊
(၃) မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် သင်ကြားပေးခြင်း သို့မဟုတ် လေ့ကျင့်ပေးခြင်း ဆောင်ရွက်ရန် ညွှန်ကြားခြင်း။
(ဆ) **လုပ်ကိုင်ဆောင်ရွက်ခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကိုအသုံးပြု၍ အောက်ဖော်ပြပါ လုပ်ကိုင်ဆောင်ရွက်မှုတစ်ခုခုကို ဆိုသည်-
(၁) လေ့ကျင့်ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊
(၂) အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း၊
(၃) အမြဲတမ်းဖြစ်စေ၊ အမြဲတမ်းမဟုတ်ဘဲဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း။
(ဇ) **စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ လွှဲပြောင်းပေးခြင်း**ဆိုသည်မှာ စစ်ဘက်ဆိုင်ရာ လျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နှုတ်ဖြင့်ပြောဆိုခြင်း၊ စာဖြင့်ရေးသားပေးပို့ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် သိရှိနိုင်စေရန် လွှဲပြောင်းပေးခြင်းကို ဆိုသည်။
(ဈ) **နိုင်ငံခြားတိုင်းပြည်၏အစိုးရ**ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်အစိုးရ၏ အာဏာပိုင်တစ်ဦးဦး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ် သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။
(ည) **နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့**ဆိုသည်မှာ အောက်ပါအဖွဲ့ တစ်ဖွဲ့ဖွဲ့ကို ဆိုသည်-
(၁) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့၊
(၂) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့နှင့်အတူ ပူးတွဲလုပ်ကိုင်နေသော အဖွဲ့အစည်း၊
(၃) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် တရားဝင်လက်နက်ကိုင်တပ်ဖွဲ့၏စီမံချက် သို့မဟုတ် ညွှန်ကြားချက်အရဖြစ်စေ၊ ၎င်းတို့၏ သဘောဆန္ဒအလျောက်ဖြစ်စေ ဆောင်ရွက်နေသောအဖွဲ့အစည်း။
(ဋ) **နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်း**ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏အတွင်း၌ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံ၏ပြင်ပ၌ဖြစ်စေရှိသော အောက်ပါ အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်-
(၁) သက်ဆိုင်ရာနိုင်ငံ၏ဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း၊
(၂) လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် သက်ဆိုင်ရာနိုင်ငံ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသည့် ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့။
(ဌ) **တရားဝင်လက်နက်ကိုင်အဖွဲ့အစည်း မဟုတ်သည့် အဖွဲ့အစည်း**ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်၏ ပြင်ပ၌ဖြစ်စေ တည်ရှိပြီး နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်း မဟုတ်သည့်ပြင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်းမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းကို ဆိုသည်။
(ဍ) **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ဥပဒေနှင့်အညီ လိုင်စင်ရယူထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကို အထောက်အကူဖြစ်စေရန်၊
(ခ) နိုင်ငံခြားတိုင်းပြည်၏ အစိုးရ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်း၊ တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်းနှင့် အခြားလူပုဂ္ဂိုလ်တစ်ဦးဦးတို့ကို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအား အသုံးပြု၍ လေ့ကျင့်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ လွှဲပြောင်းပေးခြင်းတို့မှ ကာကွယ်တားဆီးရန်။

**အခန်း(၃)**
**နိုင်ငံခြားတိုင်းပြည်၏အစိုးရ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်း၌ လုပ်ကိုင်ဆောင်ရွက်ခြင်း**

၄။ ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်း တစ်ဦးဦးသည် နိုင်ငံခြားတိုင်းပြည်၏ အစိုးရတွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ ယင်းတို့၏ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။ သို့ရာတွင် ဝန်ကြီးဌာနက ဥပဒေနှင့်အညီ တာဝန်ပေးအပ်၍သော်လည်းကောင်း၊ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ဤပုဒ်မနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅။ ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်း တစ်ဦးဦးသည် နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုတွင်ဖြစ်စေ၊ ယင်းအဖွဲ့၏ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၆။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမျှ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တစ်နည်းနည်းဖြင့် ရယူအသုံးပြု၍ နိုင်ငံခြားတိုင်းပြည်၏ အစိုးရတွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့တွင်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်၏ စစ်ဘက်ဆိုင်ရာအဖွဲ့မဟုတ်သည့် အခြားအဖွဲ့အစည်း၌ဖြစ်စေ၊ ယင်းတို့၏ကိုယ်စားဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

**အခန်း(၄)**

**တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း**

၇။ ကာကွယ်ရေးဝန်ထမ်းတစ်ဦးဦးသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကိုအသုံးပြု၍ နိုင်ငံတော်၏အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်၏ပြင်ပ၌ဖြစ်စေရှိသော တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၈။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို အသုံးပြု၍ အောက်ပါအဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ-

(က) တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့အစည်း၊

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း။

၉။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမျှ စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို တစ်နည်းနည်းဖြင့် ရယူအသုံးပြု၍ အောက်ပါအဖွဲ့အစည်းတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ-

(က) တရားဝင်လက်နက်ကိုင်အဖွဲ့အစည်း မဟုတ်သည့် အဖွဲ့အစည်း၊

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း။

၁၀။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၁၁။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည်-

(က) ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ၊

(ခ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၅)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၁၂။ မည်သည့်ကာကွယ်ရေးဝန်ထမ်း သို့မဟုတ် ကာကွယ်ရေးဝန်ထမ်းဟောင်းမဆို ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၃။ မည်သည့်ကာကွယ်ရေးဝန်ထမ်းမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သည့်ကာကွယ်ရေးဝန်ထမ်းဟောင်းမဆို-

(က) ပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၈ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊ ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၅။ ကာကွယ်ရေးဝန်ထမ်းနှင့် ကာကွယ်ရေးဝန်ထမ်းဟောင်းတို့မှအပ မည်သူမဆို-

(က) ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိ ချမှတ်ရမည်။

၁၆။ မည်သူမဆို စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များအနက် လျှို့ဝှက်ချက်တစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ လွှဲပြောင်းပေးခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးဦးထံသို့ လွှဲပြောင်းပေးခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ရမည်။

**အခန်း(၆)**

**အထွေထွေ**

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၀ အရ လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၈ အရ ခွင့်ပြုထားသည့် ခွင့်ပြုချက်အား ဆိုင်းငံ့ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေဖြင့်သာ အရေးယူရမည်။

၂၁။ ကာကွယ်ရေးဝန်ထမ်းဟောင်းတစ်ဦးဦးသည် ဤဥပဒေအာဏာမတည်မီက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နေဆဲဖြစ်ပါက ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ဤဥပဒေနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၂၂။ ဤဥပဒေအရ စွဲဆိုသောပြစ်မှုတစ်ခုခုအတွက် တရားရုံးတွင် မှုခင်းကိစ္စဆောင်ရွက်နေစဉ် မည်သည့်အဆင့်၌မဆို ဤဥပဒေအရ တစ်ဦးဦးကို စစ်ဆေးစီရင်နေစဉ် ထွက်ဆိုသည့်သက်သေခံချက် သို့မဟုတ် ဖော်ပြသည့်အကြောင်းအရာတစ်ခုခုကို အများကြားသိပါက နိုင်ငံတော်၏လုံခြုံရေးကို ထိခိုက်စေမည်ဖြစ်သည်ဟုအကြောင်းပြ၍ အများပြည်သူအားလုံး သို့မဟုတ် အချို့ကိုဖယ်ရှားပေးရန် တရားလိုဘက်က လျှောက်ထားလျှင် ထိုသို့လျှောက်ထားသည့်အတိုင်း တရားရုံးက အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် မည်သည့်ကိစ္စ၌မဆို ပြစ်ဒဏ်စီရင်ချက်ကို အများပြည်သူ၏ရှေ့မှောက်၌ ချမှတ်ရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ချောင်းညီကိုဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း ၆၃၅၄ ဧကရှိသော နယ်မြေကို **"ချောင်းညီကိုဒီရေတောကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၅)အရ ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ (၂၀၂၅ ခုနှစ် ဇူလိုင် ၂၂ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ် ခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ငါး၊ ကဏန်း၊ ပုစွန် စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။



ချောင်းညီကိုဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျနဲ၊ မဓမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ နံ့ဗြူး(ငှက်)နှင့် ဓနိပင် စသည့် ဒေသမျိုးရင်း ဒီရေတော သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကြီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇူလိုင် ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်က သီရိမင်္ဂလာဈေးသစ် နှစ်ထပ်ဆောင်ခန်းမ၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဈေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်တာဝန်ရှိသူများက ဈေးသစ်တည်ဆောက်ပြီးစီးမှုနှင့် ဈေးရုံသစ်များတည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဈေးအတွင်း ဈေးရုံများတည်ဆောက်ပြီးစီးမှုနှင့် ဈေးရုံသစ်များတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်တက္ကသိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မဆောင်အစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားများပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုကို တင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လွိုင်ကော်တက္ကသိုလ်နယ်မြေအတွင်းရှိ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ပါမောက္ခချုပ် နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များနှင့် စာသင်ဆောင်များ၊ အားကစားရုံနှင့် အားကစားကွင်းများ၊ အုတ်တံတိုင်းခြံစည်းရိုးများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တက္ကသိုလ်တည်ဆောက်ရေး လုပ်ငန်းများသည် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကဆောင်ရွက်သည့် မထောခူကျေးရွာအုပ်စု ရေနီကန်ကျေးရွာလယ်ယာကုန်ထုတ်လမ်း ကွန်ကရစ်လမ်းနှင့် ကျောက်စီရေမြောင်း လုပ်ငန်းနေရာသို့ ရောက်ရှိ၍ ကုန်ထုတ်လမ်းနှင့် ကျောက်စီရေမြောင်းပြုလုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေနီကန်ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လမ်းရေရှည် အသုံးပြုနိုင်ရေး စနစ်တကျထိန်းသိမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ အဆိုပါကျေးရွာရှိ စံပြဝက်မွေးမြူရေးခြံသို့ရောက်ရှိရာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက စံပြဝက်မွေးမြူရေးခြံတည်ဆောက်ထားရှိမှု၊ အသားတိုးဝက်နှင့် မျိုးဝက်မများ မွေးမြူထားရှိမှု၊ အစာသိုလှောင်ရုံ၊ မိလ္လာစွန့်ပစ်ကန်များနှင့် ခြင်ယင်၊ လေကာစနစ်များ ထည့်သွင်းဆောင်ရွက်ထားရှိမှုအခြေအနေကို လိုက်လံရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လိုအပ်သည့် မျိုးဝက်များ လုံလောက်စွာမွေးမြူပြီး အသားကဏ္ဍဖူလုံမှုရှိစေရန်အတွက် ယခုထက်ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်မည့် အခြေအနေကို ဖြည့်ဆည်းတင်ပြသည်။

ယမန်နေ့ညနေပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လွိုင်ကော်မြို့ ချိုကယ်ကန္ဒရဝတီဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇာဝုဓ (သာသနဓဇ ဓမ္မာစရိယ)အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ထေးသမရပ်ကွက်နှင့် ချိုကယ်ကျေးရွာအုပ်စု ကျေးရွာများအတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများပြောကြားပြီး ပြည်သူများက ဖြည့်ဆည်းပေးရန် တင်ပြချက်များပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် သီရိမင်္ဂလာတောင်တော် (တောင်ကွဲ)စေတီတော်မြတ်နှင့် ဆုတောင်းပြည့် မြို့နာမ်ရွှေစေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ စေတီတော်များ ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နောင်ချိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ကျောင်းသူများကို ကျောင်းအပ်လက်ခံနေစဉ်။

☆ **ကျောဖုံးမှအဆက်**

မိုင်းအန္တရာယ် ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီးဒေသခံတိုင်းရင်းသားမိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးလျက်ရှိ သည်။

ထိုသို့ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးအတွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းကိုလည်း ယနေ့တွင် စတင်ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူ ၂၅၁ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည့်အပြင် ထပ်မံလာရောက်ကျောင်းအပ်နှံသူ ကျောင်းသား၊ကျောင်းသူများကိုလည်း ကျောင်းအပ်လက်ခံခြင်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကိုတစ်ပါတည်း ပေးအပ်ကြသည်။



နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

၎င်းအပြင် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသား ပြည်သူ ၁၃၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိစဉ်။

## ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက် ညစ နာရီမှ ဇူလိုင် ၂၇ ရက် ညစနာရီထိ ရက်သတ္တပတ်အတွင်းဓာတ်ခွဲနမူနာစုစုပေါင်း ၈၈၈ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိနှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာမရှိပါ။

ကိုဗစ်-၁၉ရောဂါဆိုင်ရာအသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၈**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် အဖြစ် ပြိုင်ပွဲဝင်အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ခုနစ်သင်းဖြင့် ဩဂုတ် ၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တောင်ကြီးတပ်နယ်(နယ်မြေ-၂)အသင်းက ဒိုင်းဆုရရှိ

**နေပြည်တော် ဇူလိုင် ၂၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၃ ရက်မှ စတင်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် တောင်ကြီးတပ်နယ်(နယ်မြေ-၂)အသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး) အသင်းနှင့်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း တောင်ကြီးတပ်နယ်(နယ်မြေ-၂)အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

တောင်ကြီးတပ်နယ်(နယ်မြေ-၂) အသင်း တို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက် ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော တောင်ကြီး တပ်နယ်(နယ်မြေ-၂) အသင်းတို့ကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက် ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၂၂ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီအနက် ဦးမင်းမင်းထွန်း ခေါင်းဆောင်သည့် **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၂၁ ပါတီအနက် ပါတီ ၁၅ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့ သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင် ကြုံတွေ့ခံစားခဲ့ရသည့်ဖြစ်စဉ်များကို မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံး မှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေ များ ထိရောက်စွာလှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကို လည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များနှင့်ထိခိုက်ခဲ့ မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများကို ကိုယ်တိုင် ရွေးချယ်၍ KBZ Pay၊ CB Pay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက် ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ် အလင်းဝင်လာကြတဲ့ PDF လူငယ်များ"** ခေါင်းစဉ်ဖြင့် ၃၀-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဆင်ခြင်တုံတရားမရှိသည့် NUG၊ PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်စွာပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဇူလိုင် ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

❍ တက်ကွ်ဘောပြိုင်ပွဲကျင်းပမည်မှ

ကစားနည်းငါးမျိုးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် ကြိုက်ရာပွဲစဉ်နှစ်မျိုး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့်အတွက် စိတ်ပါဝင်စားသူများအနေဖြင့် ကျိုက္ကဆံအားကစားဝင်းအတွင်းရှိ တက်ကွ်ဘောလေ့ကျင့်ရေးရုံ၌ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၈ ရက်အတွင်း နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ စာရင်းသွင်း၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များကို ဆုကြေးများ ထိုက်တန်စွာချီးမြှင့်မည့်အပြင် အကောင်းဆုံးကစားသမားများကို ၂၀၂၅ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအတွက်ပဏာမ လက်ရွေးစင်များအဖြစ် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံတက်ကွ်ဘောအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမင်းဦးကြိုင် ၀၉၅၀၃၅၁၄၃ နှင့် စီမံမန်နေဂျာ ဦးစိုင်းအောင်ဟိန်း ၀၉၂၆၀၀၆၁၆၉၉ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❑ မြစ်ရေနှင့် ချောင်းရေအခြေအနေမှ

ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့်ကျော်လွန်နေပြီးနောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် ( Overseas Worker Identification Card-OWIC)ပေါ်တွင် လုံခြုံရေး Sticker အသုံးပြုသွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) ကိုင်ဆောင်ထားပြီး ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများ ပြည်ပနိုင်ငံများသို့ ရောက်ရှိသည့်အချိန် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပါခံစားခွင့်များရရှိနိုင်စေရန်နှင့် အလုပ်သမားရေးရာကိစ္စရပ်များဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ထုတ်ပေးရာတွင် အတုအပများမရှိစေရန်နှင့် ပိုမိုလုံခြုံမှုရှိစေရန်အတွက် OWIC ကတ်ပေါ်တွင် လုံခြုံရေး Sticker ကပ်၍ ထုတ်ပေးခြင်းကို ဩဂုတ် ၁ ရက်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။




**အလုပ်သမားဝန်ကြီးဌာန**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်းသုံးကြစို့။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပေကျင်းမြို့ ရေဘေးအန္တရာယ်ထိန်းချုပ်နိုင်ရေးအတွက် အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်သတ်မှတ်



**ပေကျင်း ဇူလိုင် ၂၈**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရပြီး ရေဘေးအန္တရာယ် အရေးပေါ် တုံ့ပြန်ရေးအစီအစဉ်အဖြစ် သတ်မှတ်ကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မီယန်ရေလှောင်တမံတွင် ရေလျှံတက်မှုလည်းဖြစ်ပေါ်လာသည့်အတွက်ကြောင့် ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားလာခဲ့ခြင်းဖြစ်ကြောင်း၊ အသက်အန္တရာယ် ခြိမ်းခြောက်နိုင်သည့် အခြေအနေကြောင့်လည်း အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်ဖြင့် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ပေကျင်းမြို့မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက်ပိုင်း နေရာအနှံ့အပြား ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်မြင့်မားတဲ့အတွက် မီယန်ရေလှောင်တမံမှာ ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ချောင်ဘိုင်မြစ်ဝှမ်းကလဲ ရေပမာဏမြင့်တက်မှုဖြစ်ပေါ်နေတဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာခဲ့တာဖြစ်ပါတယ်။ အသက်အန္တရာယ် ခြိမ်းခြောက်နိုင်တဲ့ အဆင့်ဖြစ်တဲ့အတွက် ရေဘေးအန္တရာယ်တုံ့ပြန်ရေးအစီအစဉ်ကိုလဲ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဒူရန်ဂိုတောမီးကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်

**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒူရန်ဂိုမြို့အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ဒူရန်ဂိုမြို့မှ တစ်ဆင့် လာပလာတာကောင်တီအနီးသို့ ကူးစက်နေပြီဖြစ်ပြီး တောမီးအန္တရာယ်ကြောင့် အက်စ်ကာလန်တီအလယ်တန်းကျောင်းကို ယာယီပိတ်ထားကြောင်း၊ ဒူရန်ဂိုမြို့အနီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဧရိယာမှာ ၁၃ မိုင်နီးပါးဖြစ်ပြီး မိုးလေဝသအခြေအနေကြောင့် တောမီးကို ထိန်းချုပ်နိုင်ရန်ခက်ခဲနေကြောင်း၊ တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၅၀ ထိ အသုံးပြုထားကြောင်း သိရသည်။

"ဒူရန်ဂိုမြို့အနီးမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပါတယ်။ တောမီး လောင်ကျွမ်းမှုကြောင့် ဒူရန်ဂိုမြို့ကို တောမီးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ တောမီးဟာ ဒူရန်ဂိုမြို့ကနေတစ်ဆင့် လာပလာတာကောင်တီကို ကူးစက် လောင်ကျွမ်းနေပါတယ်။ လာပလာတာ ကောင်တီအနီးမှာ ကူးစက်လောင်ကျွမ်းနေတဲ့ တောမီးကိုတော့ မီးသတ်တပ်ဖွဲ့ဝင် အယောက်၄၀လောက်ထိအသုံးပြုပြီး တောမီးကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီး လောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားရပြီး တောမီးကို ငြိမ်းသတ်နိုင်ရေးအတွက် လေကြောင်းအကူအညီကို ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တူကီယဲနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုနှစ်ခု ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

**အင်ကာရာ ဇူလိုင် ၂၈**



တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ဇူလိုင် ၂၆ ရက်နှင့် ဇူလိုင် ၂၇ ရက်တွင် တောမီးလောင်ကျွမ်းမှုနှစ်ခု ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးများ လောင်ကျွမ်းမှု ပြင်းထန်ခဲ့ရခြင်းသည် ပူပြင်းခြောက်သွေ့မှု၊ လေပြင်းတိုက်ခတ်မှုများကြောင့်ဖြစ်ပြီး တောမီး မီးတောက်များသည် လူနေရပ်ကွက်များဆီ ကူးစက်လာခြင်းကြောင့် ဒေသခံများကို အရေးပေါ်ပြောင်းရွှေ့ခဲ့ရကြောင်း၊ ဒေသခံများကို အရေးပေါ်ရွှေ့ပြောင်းနေစဉ် မီးတောက်များသည် လူသွားလမ်း၊ ကားသွားလမ်းများဆီကိုပါ ကူးစက် လောင်ကျွမ်းခဲ့သဖြင့် လမ်းများပေါ်တွင် ယာဉ်ကြောပိတ်ဆို့ခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းခဲ့သည့် ပြည်နယ်နှစ်ခုမှာ ဘာဆာပြည်နယ်နှင့် ကာရာဘတ်ပြည်နယ်တို့ဖြစ်ကြောင်း၊ အဆိုပါပြည်နယ်သို့ သွားရာလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားနေသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များ သွားလာရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လက်ရှိအဆိုပါနေရာများမှ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရကြောင်း သိရသည်။

ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်းတွင် တောမီးလောင်ကျွမ်းမှု ၂၈ ကြိမ် ဖြစ်ပွားခဲ့ကြောင်း ၊ လက်ရှိတွင် မီးသတ်တပ်ဖွဲ့များသည် မီးငြိမ်းသတ်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လူအင်အားသုံး၍နေ့ရော၊ညပါ လုပ်ဆောင်နေကြောင်း တူကီယဲစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး အီဘရာဟင်ယူမာကာလီက ပြောကြားခဲ့သည်။

တောမီးသည် ပူပြင်းခြောက်သွေ့မှုကြောင့် ပိုမိုဆိုးရွားခဲ့ပြီး ယနေ့အပူချိန်သည် ဘာဆာပြည်နယ်တွင် ၃၈ ဒီဂရီစင်တီဂရိတ်နှင့် ကာရာဘတ်ပြည်နယ်တွင် ၃၇ ဒီဂရီစင်တီဂရိတ်ထိ ရှိကြောင်း တူကီယဲနိုင်ငံ မိုးလေဝသဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဆွန်လာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ဟန်နွိုင်း ဇူလိုင် ၂၈**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဆွန်လာပြည်နယ်တွင် ဇူလိုင် ၂၇ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မိုးရွာသွန်းမှုများကြောင့် ပြည်နယ်အနှံ့ ရေကြီးမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် နေအိမ်များ၊ အခြေခံအဆောက်အအုံများနှင့် ကောက်ပဲသီးနှံများပျက်စီးခဲ့ပြီး အနည်းဆုံး အိမ်ထောင်စု ၂၅ စုကို အရေးပေါ်ပြောင်းရွှေ့ပေးခဲ့ရကာ နေအိမ် ၃၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လူနှစ်ဦးသေဆုံးပြီး နှစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

လက်ရှိတွင်ရေဘေးသင့်ဒေသမှ ဒေသခံများကို ဒေသဆိုင်ရာ အာဏာပိုင်များက ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်စေပြီး အများပြည်သူဘေးကင်းစေရန်အတွက် ရေကြီးနေသည့်ဇုန်များတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း နိုင်ငံအာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ



# တောင်ကိုရီးယားနိုင်ငံတွင် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးသူ ၁၁ ဦးထက်မနည်းရှိနေ

**ဆိုးလ် ဇူလိုင် ၂၈**

တောင်ကိုရီးယားနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ သေဆုံးသူ ၁၁ ဦးထက်မနည်း ရှိနေပြီဖြစ်ကြောင်း တောင်ကိုရီးယားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် မေ ၂၀ ရက်မှစ၍ အပူလှိုင်းမကြာခဏဖြတ်သန်းခဲ့ပြီး စံချိန်တင်အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားပြီး အပူချိန်မြင့်တက်စဉ်လိုက်နာ ဆောင်ရွက်သွားရမည့် ညွှန်ကြားချက်လည်း ထုတ်ပြန်ထားကြောင်း၊ နှစ်စဉ်အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ယခုနှစ်တွင် အပူချိန်မြင့်တက်မှုမှာ ယခင်နှစ်များကထက် ပိုမိုဆိုးရွားခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ပြီး သေဆုံးသူလည်း ယခင်နှစ်များကထက် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

"အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရတဲ့ လူဦးရေ ၂၃၀၀ ထက်မနည်း ရှိနေပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ သေဆုံးသူ ၁၁ ဦးထက်မနည်း ရှိနေပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရသူ တချို့ကတော့ အရေးပေါ်အခြေအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရခြင်းဖြစ်ပါတယ်"ဟု တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# အမေအိုရဲ့ မေတ္တာစာ

ကျော်တင့်(ရွှေခရမ်း)



"ကလင် ကလင် ကလင်"

အိမ်ခြံဝင်းထဲကို အရှိန်ဖြင့်ဝင်လာတဲ့ စက်ဘီးက ဘဲလ်သံကြောင့် အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်နေတဲ့ ဒေါ်မြင့် ခြံဝင်းထိပ်ကို တစ်ချက်လှမ်းကြည့်လိုက်ပါတယ်။ ခင်ပွန်းဖြစ်သူ ဦးဆွေတစ်ယောက် စက်ဘီး လက်ကိုင်မှာ အထုပ်နှစ်ထုပ်၊ သုံးထုပ်ချိတ်ပြီး အိမ်ဝင်းထဲကွေ့ဝင်လာတာကို တွေ့လိုက်ပါတယ်။

"တော်ကလဲရှင် ပြန်လာတာသိပါတယ်။ ဝင်လာတာနဲ့ စက်ဘီးဘဲကို ဖွတ်တီးလာတော့တာပဲ လွန်ကို လွန်တယ်"

ဦးဆွေလဲ ကွပ်ပျစ်မှာထိုင်နေတဲ့ ဇနီးဖြစ်သူ ဘေးနားမှာ စက်ဘီးရပ်လိုက်ကာ ဖြည်းဖြည်းဆင်းလိုက်ပြီး စက်ဘီးကို သစ်ပင်ဘေးနား ကပ်လိုက်ပါတယ်။ ဒေါ်မြင့်ရဲ့လေသံမာမာကြောင့် ဇနီးဖြစ်သူ စိတ်အလိုမကျတာတစ်ခုခုဖြစ်နေပြီဆိုတာ သိလိုက်တဲ့ ဦးဆွေတစ်ယောက် ဘာမှဆက်မပြောသေးဘဲ အိမ်အဝင်ဝက ရေအိုးထဲကနေ ရေလေးတစ်ခွက် မြန်မြန်သောက်ကာ အမောဖြေလိုက်ပြီး ပါလာတဲ့ အထုပ်ကလေးတွေကို ဒေါ်မြင့်ဘေးနားချလိုက်တယ်။ ဒေါ်မြင့်က အထုပ်တွေကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ခြံပေါက်ဝကိုပြန်ငေးရင်း အသံတိုးတိုးဖြင့်–

"ရှင့်သား ပြန်မလာဖြစ်ဘူးတဲ့။ ဒီတစ်ပတ် ရုံးပိတ်ရက် အချိန်ပိုဆင်းရမှာမလို့တဲ့ အခုပဲဖုန်းဆက်တယ်။ နောက်ရက်တွေတော့ သူပြန်လာနိုင်အောင် ကြိုးစားပါ့မယ်တဲ့"

ဒေါ်မြင့်ရဲ့လေသံက စကားအဆုံးမှာ အသံတိမ်ဝင်သွားတာကို ဦးဆွေသတိထားမိလိုက်တော့ ငါ့မိန်းမ အလိုမကျဖြစ်နေတာ သူ့သား ဒီတစ်ပတ်ရုံးပိတ်ရက် အိမ်ပြန်မလာလို့ပါလားဆိုတာ သိလိုက်ရတော့ စိတ်မကောင်းဖြစ်မိသွားပါတယ်။ ဦးဆွေနဲ့ ဒေါ်မြင့်တို့က အသက်ကြီးမှ အိမ်ထောင်ကျတာဖြစ်ပြီး ဒေါ်မြင့် အသက် ၄၀ ကျော်မှ ဒီသားလေးတစ်ယောက်တည်း မွေးထားကြတာဆိုတော့ မျက်စိအောက်ကအပျောက် မခံနိုင်လောက်အောင် ချစ်ကြပါတယ်။ ဦးဆွေက ဖခင်ဆိုတော့ မိသားစုအတွက် ငွေကြေးရှာဖွေ၊ သားဖြစ်သူ လမ်းမှားမရောက်အောင် သွန်သင်ဆုံးမမှုကို သာလုပ်ပေမဲ့ ဒေါ်မြင့်ကတော့ သူ့သားသာ သူ့ရဲ့ဘဝလို့ သတ်မှတ်ရလောက်အောင် သားဖြစ်သူကို အလွန်ချစ်တတ်သူပါ။ ဦးဆွေရဲ့ ဝန်ထမ်းလစာလေးကို ခြိုးခြံချွေတာသုံးစွဲရင်း သားဖြစ်သူကို ပညာတတ်ဘွဲ့ရ တစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။

ဦးဆွေက အထက်တန်းပြ ကျောင်းဆရာဘဝနဲ့ အငြိမ်းစားယူခဲ့ပြီး မိဘတွေဆီကအမွေရတဲ့ မှော်ဘီမြို့စွန်ဘက်က ခြံဝိုင်းမှာရှိတဲ့ တစ်ထပ်သစ်သား အိမ်လေးမှာပဲ လင်မယားနှစ်ယောက် ဦးဆွေရဲ့ပင်စင်လစာလေးနဲ့ သီးပင်စားပင်လေးတွေစိုက်ရင်း အေးချမ်းစွာနေထိုင်နေတာဖြစ်ပါတယ်။

သားဖြစ်သူ တက္ကသိုလ်ကဘွဲ့ရပြီး အစိုးရဌာန တစ်ခုမှာအလုပ်ရသွားတော့ ဝမ်းသာပီတိဖြစ်ရသလို သားဖြစ်သူနဲ့ တစ်နယ်စီခွဲခွာပြီးနေရတော့ ဦးဆွေထက် ဒေါ်မြင့်မှာ ပိုပြီးစိတ်ထိခိုက်ရပါတယ်။ သားဖြစ်သူ သူငယ်ချင်းတွေနဲ့အပြင်သွားရင်တောင် အချိန်တန်လို့ပြန်မလာရင် စိတ်ပူတတ်တဲ့ဒေါ်မြင့် တစ်ယောက် တစ်မြို့တစ်ရွာစီသွားပြီး သားဖြစ်သူက တာဝန်ထမ်းဆောင်ရတော့ သားနဲ့ခွဲရလို့ ဒေါ်မြင့်မှာ တမှိုင်မှိုင်တတွေတွေ။ သားဖြစ်သူက ပြီးခဲ့တဲ့နှစ် သီတင်းကျွတ်ကန်တော့တုန်းက ဝယ်ပေးခဲ့တဲ့ Key-pad ဖုန်းကလေးတကိုင်ကိုင်နဲ့ တစ်နေ့တစ်ခါလောက် မှဖုန်းမခေါ်ရရင် မနေနိုင်။ သားဖြစ်သူရဲ့ အသံကို မကြားရရင် စိတ်ပူပြီး စားမဝင်၊ အိပ်မပျော်။ ရုံးချိန်ဆို သားဖြစ်သူအလုပ်များနေမှာမို့ မခေါ်ရဲတာကြောင့် ညနေရုံးဆင်းချိန်ဆို ဒေါ်မြင့်တစ်ယောက် သူ့သားဆီ ဖုန်းခေါ်ရတာအလုပ်တစ်လုပ်။ သားဖြစ်သူဖုန်းကိုင်လို့ အသံကြားလိုက်ရပြီဆိုမှ စိတ်အေးပြီးထမင်းစားနိုင်တဲ့ထိ သားအပေါ်အစွဲအလမ်းကြီးတတ်တဲ့အမေမျိုးပါ။ သားဖြစ်သူကိုတွေ့ရဖို့ ရုံးပိတ်ရက်အလည်အပတ်ပြန်လာမဲ့အချိန်ကိုမျှော်ပေမဲ့ ဒီလတော့ ပြန်မလာဖြစ်ဘူးဆိုတာသိရတော့ ဒေါ်မြင့်တစ်ယောက် စိတ်မကောင်းဖြစ်နေရှာပါတယ်။

"ဒီတစ်ပတ်ပြန်မလာဖြစ်တော့ နောက်တစ်ပတ်တော့ပြန်လာမှာပေါ့ကွာ။ အလုပ်တွေများတော့ မင်းရဲ့သားလဲ မအားလို့နေမှာပေါ့"လို့ ဦးဆွေက စွပ်ကျယ်ဝတ်ရင်း အားပေးစကား ပြောလိုက်ပါတယ်။

"ကိုတော့ထမင်းဆာပြီကွာ၊ ဘာချက်ထားလဲ"

"တော့်အတွက် ငါးခြောက်လေးမီးဖုတ်ပြီးဆီဆမ်းပေးထားတယ်။ အုပ်ဆောင်းနဲ့အုပ်ထားလေရဲ့။ ကျွန်မတော့ မစားချင်သေးဘူး၊ ရှင်ပဲစားနှင့်ပါတော်။ ဒါနဲ့ ပြောရအုံးမယ်။ အုပ်ဆောင်းအောက်က ပုစွန်တုပ်ဟင်းကတော့ ကျုပ်သားအတွက်တော်ရေ၊ ဟိုနေ့က ကျုပ်သားနဲ့ ဖုန်းထဲမှာစကားပြောတော့ ဒီရက်ပိုင်း အပြင်ကပဲ ဝယ်စားနေရလို့ ထမင်းစားမကောင်းလို့တဲ့။ ပုစွန်တုပ်ဟင်းလေးစားချင်လိုက်တာအမေဆိုလို့ ကျုပ် မနက်ကဈေးထဲသွားပြီး ပုစွန်တုပ်သုံးကောင် ဝယ်ပြီးချက်ထားတာတော့်။ ရှင့်သားက ပုစွန်တုပ်ဆို သိပ်ကြိုက်တာ။ အခုတော့ ပုစွန်တုပ်ဟင်းလဲ ရှင်ပဲ စားလိုက်ပါတော့တော် သားက မလာဖြစ်တော့ဘူးဆိုတော့"

ဒေါ်မြင့်က အားလျော့နေတဲ့အသံနဲ့ ဦးဆွေကို လှမ်းပြောလိုက်ပါတယ်။

"အေးပါကွာ၊ မင်းရဲ့သားတော်မောင်အတွက်သာ ထူးရှယ်ချက်ထားပါ။ ကျုပ်တို့ကတော့ ဘာဖြစ်ဖြစ် စားတာပဲဟေ့"ဟု ဦးဆွေက ခနဲ့သလိုလိုနဲ့ မိန်းမကို လှမ်းစလိုက်ပါတယ်။

"ရှင်လဲ ရှင့်သားသောက်တတ်တဲ့ အချိုရည်ဘူးတွေ နေပူကြီးထဲသွားဝယ်လာတာမလား။ ကျုပ်သိပါတယ်တော်"ဟု ဒေါ်မြင့်က ပြန်ချေပလိုက်ပါတယ်။

"အေးပေါ့ကွာ မြို့ကလာတာဆိုတော့ သားက အချိုရည်ဆိုသိပ်ကြိုက်ကွ။ကဲကဲ အဲဒါဆိုလဲ ကိုစားနှင့်တော့မယ်။ ပုစွန်တုပ်ဟင်းလေးနဲ့ ထမင်းစားလိုက်အုံးမယ်ဟေ့"ဟုပြောရင်း ဦးဆွေက မီးဖိုချောင်ထဲ ဝင်သွားလိုက်ပါတယ်။ ဦးဆွေလဲ ထမင်းစားပွဲပေါ်က အုပ်ဆောင်းကိုဖွင့်လိုက်ပြီး ဆီနိုင်နိုင်၊ ကြက်သွန်နိုင်နိုင်နဲ့ကြော်ထားတဲ့ ပုစွန်တုပ်သုံးကောင်ကို တွေ့လိုက်တော့ ပုစွန်တုပ်ဟင်းမစားရတာကြာပြီ။ ကြိတ်လိုက်အုံးမယ်ကွလို့တွေးလိုက်ရင်း ထမင်းစားဖို့ ပြင်လိုက်ပါတယ်။ အဲဒီအချိန် အိမ်အပြင်က ဒေါ်မြင့်ရဲ့ စကားပြောသံသဲ့သဲ့ကို ကြားနေရပြီး ဦးဆွေလဲ ထမင်းမစားခင်သောက်ဖို့ ရေနွေးပူပူလေးကို ဖန်ခွက်ထဲ အပြည့်ထည့်လိုက်ပါတယ်။ ထိုစဉ် "အဖေကြီးရေ ရှင့်သားဆီက ဖုန်းလာလို့ ခုပဲပြောပြီးတာ"ဟုပြောရင်း ဒေါ်မြင့်တစ်ယောက် မီးဖိုချောင်ထဲ ခပ်သွက်သွက် ဝင်လာပါတယ်။ ပြီးတော့ ဝမ်းသာတဲ့အသံနဲ့–

"ရှင့်သားက ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေပြန်မလာဖြစ်ပေမဲ့ နောက်သုံးရက်လောက်နေရင် ခွင့်ယူပြီး တစ်ရက်ပြန်လာခဲ့ပါမယ်တဲ့။ ကျုပ်သားလေးကိုတွေ့ရတော့မယ်တော့်"ဟု ဒေါ်မြင့်က ဝမ်းသာအားရပြောကာ ဦးဆွေဘေးနားထိုင်ချလိုက်ရင်း ထမင်းစားပွဲဝိုင်းပေါ်က ပုစွန်တုပ်ဟင်းပန်းကန်ကို ဆတ်ခနဲဆွဲယူလိုက်ပါတယ်။ ပြီးတော့ ဇွန်းနဲ့ ပန်းကန်ထဲက ပုစွန်တုပ်ခပ်သေးသေးတစ်ကောင်ကို ခပ်လိုက်ကာ ဦးဆွေရဲ့ ထမင်းပန်းကန်ထဲသို့ ခပ်ထည့်ပေးပြီး–

"ရော့ ဒါအဖေကြီးစားဖို့၊ ကျန်တဲ့နှစ်ကောင်က သားလာရင်စားဖို့"လို့လဲ တစ်ခါတည်းသတ်သတ်မှတ်မှတ်ပြောလိုက်ပါတယ်။

"မင်းရဲ့သားတော်မောင်က နောက် သုံးလေးရက်နေမှလာမှာမလားကွ။ ဟင်းတွေက ဘယ်ကောင်းတော့မလဲ"

"ခက်ပဲ့တော် ဘေးအိမ်က မိစိန်တို့အိမ်မှာ ရေခဲသေတ္တာရှိတယ်တော့် ကောင်းမှကောင်း။ အေးစိမ့်နေတာပဲ တော်ရေ။ မိစိန်ကို ငါ့သားလေးလာမှကျွေးချင်လို့သိမ်းထားချင်လို့ပါအေလို့ တောင်းတောင်းပန်ပန်နဲ့ ပြောပြီး သူတို့ရေခဲသေတ္တာထဲမှာ သိမ်းထားမယ်တော်"

"ကျုပ်သားလေးစားချင်လို့သာ ချက်ကျွေးတာ ကျွန်မတို့လင်မယားနှစ်ယောက်သာဆို ဝယ်ချက်မစားနိုင်ပါဘူး။ ပုစွန်တုပ်ဈေးက ခေါင်ခိုက်နေတာ။ သားလေးကိုစားစေချင်လို့ ရှင့်ပင်စင်ထုတ်တုန်းက ဆေးဝယ်ဖို့ဖယ်ထားတဲ့ပိုက်ဆံလေးထဲက ဖယ်ပြီး မနက်က ဈေးထဲသွားဝယ်ထားရတာ။ ကျွန်မသားလေး အားရပါးရစားတာကြည့်ချင်လို့ မျက်လုံးစုံမှိတ်ပြီး ဝယ်လိုက်ရတာတော်ရေ"လို့ပြောရင်း ဟင်းပန်းကန်ကို အဖုံးအုပ်လိုက်ပါတယ်။

**❖"ဘာတုံးကွ မေတ္တာစာ။ မေတ္တာစာဆိုတာ ကျုပ် ငယ်ငယ်တုန်းက ယောက္ခမကြီးမသိအောင် မင်းဆီကို ခိုးခိုးပေးတဲ့ ရည်းစားစာကို ပြောတာလားကွ"လို့ ဦးဆွေက ခပ်နောက်နောက်ပြောလိုက်ပါတယ်။ "မဟုတ်ပါဘူးတော်။ ကျုပ်သားလေးစားဖို့အတွက် ဒီအမေရဲ့ မေတ္တာတွေအပြည့်ထည့်ချက်ထားတဲ့ အစားအစာမလို့ မေတ္တာစာလေးလို့ ပြောတာပါရှင်။ အပြင်ကဝယ်စားတဲ့ဟင်းထက် မိခင်မေတ္တာနဲ့ချက်ထားတဲ့ဟင်းလေးမို့ ကျုပ်သားလေးကို စားစေချင်လို့ပါတော်"ဟု ဒေါ်မြင့်ကပြောရင်း နာနေတဲ့ဒူးကို ဖြည်းဖြည်းထိန်းရင်း မတ်တတ်ထရပ်လိုက်ပါတယ်။ ❖**

ဦးဆွေက မိန်းမပြောနေတာကို နားထောင်ကာ ရေနွေးပူပူလေးကို မှုတ်သောက်လိုက်ရင်း–

"အေးပါကွာ ငါနားလည်ပါတယ်။ ငါ့မိန်းမရဲ့မိခင်မေတ္တာကိုလဲ လေးစားပါတယ်။ သားလေးကလဲ မိဘအပေါ်သိတတ်ပါတယ်ကွာ။ လိမ္မာရှာပါတယ်။ မြို့မှာနေပေမဲ့ အပေါင်းအသင်းလဲမမှား၊ အသောက်အစားလဲ မရှိပါဘူး။ သူရတဲ့ငွေကြေးလေးနဲ့လဲ မိဘကို ပြန်ပံ့ပိုးရှာပါတယ်"လို့ ပြောလိုက်ပါတယ်။

"သားလေးဆီက ဘာမှမမျှော်လင့်ပါဘူးတော်။ ရှင့်ပင်စင်လစာလေးနဲ့ ကျွန်မတို့လင်မယားလောက်င

စာမျက်နှာ ၂၅ သို့ ➤

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၁၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၁၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၀၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဇူလိုင်လဒုတိယပတ်မှစပြီး ယနေ့ထိ ဒေသထွက် ကောက်ရိုးမှိုများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့မှိုက ကောက်ရိုးတွေနဲ့ အဓိကစိုက်ပျိုးထုတ်လုပ်တဲ့ မှိုတွေဖြစ်ပါတယ်။ လက်ရှိ ကောက်ရိုးမှိုတွေ စတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို မှိုတွေပေါ်နေတဲ့အချိန် အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေနဲ့ လယ်ယာလုပ်သားတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ကောက်ရိုးမှိုတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေတာပါ"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ကောက်ရိုးမှိုအပါအဝင် အခြားရာသီပေါ်သီးနှံများစိုက်ပျိုးကြကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများကို ဒေသခံတောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



➤ စာမျက်နှာ ၂၄ မှအဆက်

အောင် ချွေတာသုံးစွဲလို့ရပါတယ်။ သားပေးတဲ့ပိုက်ဆံလေးတွေလဲ သူနောင်တစ်ချိန် မိန်းမယူတဲ့အခါကျတော့ မိဘအနေနဲ့ပေးချင်လို့စုထားတာပါတော်။ ကဲကဲ ကျွန်မလဲ မိစိန်တို့ရေခဲသေတ္တာထဲ ကျွန်မရဲ့မေတ္တာစာလေးသွားထည့်ထားလိုက်အုံးမယ်။ ရှင်ကတော့စားနှင့်။ ကျွန်မကတော့ ပြန်လာမှပဲ ရှိတာလေးနဲ့ စားတော့မယ်"

"ဘာတုံးကွ မေတ္တာစာ။ မေတ္တာစာဆိုတာ ကျုပ် ငယ်ငယ်တုန်းက ယောက္ခမကြီးမသိအောင် မင်းဆီကို ခိုးခိုးပေးတဲ့ ရည်းစားစာကိုပြောတာလားကွ"လို့ ဦးဆွေက ခပ်နောက်နောက်ပြောလိုက်ပါတယ်။

"မဟုတ်ပါဘူးတော်။ ကျုပ်သားလေး စားဖို့အတွက် ဒီအမေရဲ့မေတ္တာတွေအပြည့်ထည့်ချက်ထားတဲ့အစားအစာမလို့ မေတ္တာစာလေးလို့ပြောတာပါရှင်။ အပြင်ကဝယ်စားတဲ့ဟင်းထက် မိခင်မေတ္တာနဲ့ချက်ထားတဲ့ဟင်းလေးမို့ ကျုပ်သားလေးကို စားစေချင်လို့ပါတော်"ဟု ဒေါ်မြင့်က ပြောရင်း နာနေတဲ့ဒူးကို ဖြည်းဖြည်းထိန်းရင်း မတ်တတ်ထရပ်လိုက်ပါတယ်။

"ကျွန်မ မိစိန်တို့အိမ်ဘက် သွားလိုက်အုံးမယ်တော်။ မိစိန်က ဟိုတစ်ခါတုန်းက သူ့အင်္ကျီတစ်ထည် ဝယ်ထားတာမကြာသေးဘူး နည်းနည်းပြဲသွားလို့တဲ့။ အန်တီက ချုပ်တာသေသပ်လို့ ချုပ်ပေးပါအုံးလို့ ပြောထားတာ။ သူ့အင်္ကျီလေးချုပ်ပေး၊ သူခိုင်းတာလေး နည်းနည်းပါးပါး လုပ်ပေးပြီး ဟင်းခွက်လေး ရေခဲသေတ္တာထဲထည့်ခိုင်းလိုက်အုံးမယ်တော်ရေ"

"မင်းက မျက်စိလဲကောင်းတာမဟုတ်ဘူး။ အပ်နဲ့ အပ်ချည်ထိုးပြီး ချုပ်ရမှာ၊ ခေါင်းမူးအုံးမယ်"

"ရပါတယ်တော်။ ဒီလောက်ကတော့ ဘာမှမဖြစ်ပါဘူး။ ကျုပ်လုပ်နိုင်ပါသေးတယ်"ဟုပြောရင်း ဒေါ်မြင့်တစ်ယောက် တိုင်မှာချိတ်ထားတဲ့ ခမောက်အစုတ်လေးကိုဆောင်းကာ မီးဖိုချောင်နောက်ဘက် တံခါးပေါက်မှ ယိုင်တိုင်တိုင်နဲ့ဆင်းသွားပါတော့တယ်။ နွေရာသီမို့ အိမ်အပြင်တွင် နေက တော်တော်ပူနေသည်။ သို့သော် အပြင်ကနေဘယ်လောက်ပူပူ သားအပေါ်မှာထားတဲ့ မေတ္တာအေးရိပ်ကြောင့် ဒေါ်မြင့်တစ်ယောက်ပူမည်မထင်။ ဒေါ်မြင့်ရဲ့ သားအပေါ်မှာထားတဲ့ ရယူလိုခြင်းမရှိ ပေးဆပ်ခြင်းသာရှိသည့် ထာဝရစုန်ရေသည် တသွင်သွင်စီးဆင်းနေမည်သာ။ လူသားတစ်ယောက်ဖြစ်ဖို့ မိခင်ဆိုတာလိုအပ်သလို မိခင်သည် သားသမီးတို့ကို မွေးဖွားပေးရုံသက်သက်သာမဟုတ်ဘဲ သားသမီးဘယ်အရွယ်ပဲရောက်နေပါစေ ထာဝရမေတ္တာတရားဖြင့် ပေးဆပ်နေသူများသာဖြစ်ပါလားဟု ဦးဆွေစိတ်မှာ တွေးနေမိသည်။

ဦးဆွေတစ်ယောက် ဘေးတစ်အိမ်ကျော်က မိစိန်တို့အိမ်ဘက်သို့ ဖြည်းဖြည်းချင်းလျှောက်သွားတဲ့ဒေါ်မြင့်ကို ငြိမ်သက်စွာငေးကြည့်ရင်း ထမင်းပန်းကန်ထဲက ဒေါ်မြင့်ထည့်ပေးထားခဲ့တဲ့ ပုစွန်တုပ်ကလေးတစ်ကောင်ကို ဘေးသို့ဖယ်ကာ ငါးခြောက်ကလေးတစ်ဖက်ကိုသာ ထမင်းနဲ့ရောပြီး ဝါးလိုက်ပါတော့တယ်။

## စိတ်ထားအလှ

- စိတ်ဓာတ်ဆိုး ပြင်ဆင်
  ကိုယ့်ရှိလျှင် ပယ်နုတ်၊
  ဖြန့်ခင်းရာ နိမိတ်ကျတော့
  ညှံ့ဖျင်းစွာ အဆိပ်ပြ
  ပြုသမျှယုတ်။

- ကြမ်းတမ်းမှု ရှောင်ဖယ်
  အမှောင်နွယ် ကျော်ခိုင်း၊
  မွေ့အယူတော် ကောင်းဘက်သို့
  ရှေးရှုမျှော် ပေါင်းယှက်ပို့မှ
  ကိုယ့်ရဲ့သမိုင်း။

- လုပ်ရပ်တိုင်း ကောင်းခဲ့စေ
  စိတ်သန္တေ သတိကပ်၊
  စုတိုးကာ အမွေးပိုသင်း
  သူ့အကျိုးသာ ပေးလိုခြင်းနဲ့
  ဖြန့်ခင်းအောင်ဓာတ်။

- လူ့ဘုံနယ် တစ်ခန်းဇာတ်မှာလ
  လူသားမြတ် ဖြစ်ခဲ့အောင်၊
  ပစ္စုပ္ပန် တည့်တည့်ရှုလို့
  သူ့အကျိုးဆောင်၊ စိတ်ထားကောင်း
  ပျိုးထောင်နုရောင်ခြည် အလင်းဖွင့်၊
  စံမျိုးအနွယ်ရယ်မို့
  တန်ဖိုးကြွယ် လူတစ်ယောက်က
  (စိတ်ထားလှမှ...)
  ထွန်းတောက်လို့တင့်။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစောဘကြည်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ဝင်းထောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ၀၁၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

ဗညားကျန်းထော

# ဟောပြောသူရဲ့စွမ်းအား

**"အတ္တာနံ ဘိက္ခဝေ ရက္ခန္တော ပရံရက္ခတိ။**
**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။"**

**"မိမိကိုယ်ကို စောင့်ရှောက်ခြင်းကား သူတစ်ပါးကို စောင့်ရှောက်ရာရောက်သည်။ သူတစ်ပါးကို စောင့်ရှောက်ခြင်းသည်လည်း မိမိကိုစောင့်ရှောက်ခြင်းပင် ဖြစ်ပါပေသည်။"**

**ဂေါတမမြတ်ဗုဒ္ဓ(ဘီစီ-၅၆၃-၄၈၃)**

**နိဒါန်း**

မြန်မာပြည်ရဲ့အစဉ်အလာ သဘင်မှုမှာ ရှေးက စာဟောဆရာများ၊ ကွက်စိပ်ဟောပြောသူများနဲ့ အလှူပွဲ၊ မင်္ဂလာပွဲ ဘိသိက်ဆရာများဟာ စင်ပေါ်က နေ၍ ပရိသတ်ကိုဟောပြောလေ့ရှိကြသူများဖြစ်ပါတယ်။ နှစ်ဆယ်ရာစုကာလရောက်တဲ့အခါ နိုင်ငံရေး၊ စီးပွားရေးအကြောင်းပြုတဲ့ ဟောပြောကြသူများလည်း ပေါ်ပေါက်လာခဲ့တယ်။ နှစ်ဆယ့်တစ်ရာစုကာလထဲသို့ ရောက်လာတဲ့အခါမှာတော့ စာရေးဆရာ၊ ဆရာမများနဲ့ ရုပ်ရှင်သရုပ်ဆောင်များလည်း ကြေးစားဟောပြောသူတွေနေရာ ဝင်ရောက်ပါဝင်လာကြတယ်။

**ခေတ်ကာလ**

စာပေလောကမှ စာရေးဆရာများက သုတစာပေ၊ ရသစာပေအကြောင်းပြုပြီး လူမှုပြုပြင်ရေးတွေ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနဲ့ လူ့ကျင့်ဝတ်တွေ ဟောပြောလေ့ရှိခဲ့ကြတယ်။ အနောက်နိုင်ငံက ငွေကြေး၊ ဈေးကွက်နဲ့ နိုင်ငံရေးဩဇာလွှမ်းမိုးမှုအတွက် ဒေါ်လာကိုလမ်းခင်းပြီး ထိုးဖောက်ဝင်ရောက်လာတဲ့ စီးပွားရေးနယ်ချဲ့၊ နိုင်ငံရေးနယ်ချဲ့တွေရဲ့ နောက်ကွယ်က ကြိုးကိုင်ခြယ်လှယ်မှုတွေ ရှိလာတဲ့အခါ စင်ပေါ်ကဟောပြောသူတွေဟာ နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးစီးပွားထက် ပရိသတ်ဆီက လက်ခုပ်သံများများရ ဟောပြောပွဲများများပြောရပြီး အိတ်ဖောင်းတော့စိတ်ပြောင်းသွားကြပါလေရော။ ပြည်သူလူထုအများထုဟာလည်း ရေစုန်မျောပါသွားခဲ့ကြပါလေရော။

ဘယ်သူ့ကိုမှတော့ အပြစ်မဆိုပါဘူး။ ဖြစ်ခဲ့ပျက်ခဲ့တာတွေကိုတော့ နောက်နောင်ထပ်မံမနစ်နာရစေရန် သင်ခန်းစာယူတတ်ရမှာပေါ့။

နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအကြောင်းတရားနောက်ခံနဲ့ ခြယ်လှယ်ကြိုးကိုင်ဖို့ စိတ်ဓာတ်စစ်ဆင်ရေးနည်းလမ်းအဖြစ် ထင်ရှားကျော်ကြားတဲ့ စာပေသမား၊အနုပညာသမားတွေကိုနောက်ကွယ်ကအသုံးချတာက အဆန်းတကြယ်တော့မဟုတ်ပါဘူး။ ထုံးစံနည်းလမ်းပါ။

**နောက်ကွယ်ကလက်မည်း**

လူထုပရိသတ်ရဲ့သဘောထားအမြင်ကို လှည့်စားမှိုင်းတိုက်ဖို့ရာ မျက်နှာဖြူသန်းကြွယ်သူဌေးကြီးကိုယ်တိုင်က မြို့တွေ၊ ရွာတွေကို လျှောက်လည်ဟောပြောနေစရာဘယ်လိုမှာလဲ။ ငွေပေးပြီးငှားရင် စင်ပေါ်တက်ဟောပြောချင်တဲ့သူတွေ အလုအယက်နဲ့ သူ့ဆီချဉ်းကပ်သွားတာပဲကို။

ပြောတတ်ဆိုတတ်၊ ပရိသတ်နဲ့ ချစ်ခင်ရင်းနှီးပြီးသားလူတွေကို ကျွေးမွေး၊ ပေးကမ်းပြီး စေခိုင်းရုံပဲမဟုတ်လား။ ဘီစီ ၅၀၀ စုခေတ်က တရုတ်စစ်သူကြီး **"ဆွန်ဇုရဲ့ စစ်အတတ်ပညာ"**ပရိယာယ်တွေထဲမှာပါပြီးသား။ စာအလွန်ဖတ်တဲ့ မီလျံနာသူဌေးကြီးတွေက ဒါတွေနောကျေပြီးသား။ အာဏာချုပ်ကိုင်ရေးဆိုင်ရာမှ လှည့်စားမှု၊ လိမ်ညာမှု၊ အငိုက်ဖမ်းမှု၊ လျှို့ဝှက်မှု၊ ကောက်ကျစ်မှုတွေ ပါရမယ်ဆိုတာ မက်ခရာဗယ်လီရေးတဲ့ "မင်းသား" အမည်ရှိစာအုပ်ထဲမှ လေ့လာမှတ်သားအသုံးချနေကျ၊ ကျွမ်းကျင်နေပြီးသား။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ သံတမန်ရေးရာတွေပါ ကိုင်တွယ်တတ်တဲ့ နယ်ချဲ့အရင်းရှင် မီလျံနာသန်းကြွယ်သူဌေးကြီးတွေက လှည့်စားလိမ်ညာဖို့ရာ လက်မနှေးပါ။ မြန်မာပြည်ရဲ့ စာပေဟောပြောပွဲတချို့ဟာ အရောင်အသွေးဘက်လိုက်မှုများနဲ့ သိသိသာသာ ယိမ်းယိုင်ခဲ့ရတာမဆန်းပါ။

> **❖သုဘာသိတသုတ်လာ စကားအရာ အင်္ဂါလေးတန်ဆိုတဲ့ အချက်လေးရပ်ကတော့ သိကိုသိရမယ့်အပြင် မဖြစ်မနေလိုက်နာကျင့်သုံးရပေမှာမို့ ဖော်ပြပါရစေ- ၁။ သုဘာသိတ- ကောင်းစွာပြောဆိုရခြင်း။ ၂။ ပီယဝါစာ- ချစ်ဖွယ်နှစ်သက်ဖွယ်ရှိရခြင်း။ ၃။ သစ္စာ- မှန်ကန်ဖြောင့်မတ်တည်ကြည်ရခြင်း။ ၄။ ဓမ္မ- သဘာဝကျ၍ လိုက်နာဖွယ်ရှိရခြင်း။ မကောင်းတဲ့စကားတွေ၊ မမှန်ကန်တဲ့စကားမျိုး၊ မရေရာတဲ့အချက်မျိုး၊ ရိုင်းစိုင်းတဲ့စကား၊ ကြမ်းတမ်းတဲ့စကား၊ ပုတ်ခတ်တဲ့စကား၊ ရှုတ်ချတိုက်ခိုက်တဲ့စကား၊ ဆဲဆိုတဲ့စကား၊ လိမ်ညာတဲ့စကား၊ သဘာဝမကျတဲ့စကား၊ အတင်းအဓမ္မပြောဆိုတဲ့စကား စတဲ့အရာမျိုးတွေ ရှောင်ကြဉ်ရမယ်ဆိုတာ ထင်ရှားပါပြီ။ ❖**

**အဖျက်တိုက်ကွက်**

ခါးသက်တဲ့အဆိပ်ကို အပြင်ပန်းလှပတဲ့ အရောင်အသွေး၊ အရွယ်အစား၊ ပျားရည်လို၊ သကြားလိုချိုအောင် ဖုံးပြီးအခါခါအကျွေးခံရတဲ့အခါ ကျန်းမာရေးထိခိုက်ပျက်ပြားသလိုပါပဲ။ အမှားအလွဲ ဖောက်ပြန်မှုတွေကို ဟောပြောသူတွေဟာ စာပေစင်မြင့်ကို ခုတုံးလုပ်ပြီး အွန်လိုင်းမီဒီယာတွေကတစ်ဆင့် ကြီးမားတဲ့ဝါဒဖြန့်လှိုင်းများအဖြစ် လူတွေရဲ့အတွေးနဲ့အမြင်ကို လွှမ်းမိုးခဲ့ကြဖူးတယ်။

ယခင်ကမရှိဘူးလားဆိုရင် ရှိခဲ့တာပါပဲ။ ၁၈ ရာစုနယ်ချဲ့အရင်းရှင်များလွှမ်းမိုးတဲ့ ခေတ်ကပင်မင်းတုန်းမင်းခေတ်မှပေါ်တဲ့ သတင်းစာဟာ လန်ဒန်က ဗြိတိသျှရဲ့တစ်ကမ္ဘာလုံးသို့ ဖြန့်ဝေတဲ့သတင်းစာတွေနဲ့ မယှဉ်နိုင်ပါ။ ကလေးနဲ့လူကြီး ယှဉ်ပြိုင်လက်ဝှေ့ထိုးသလိုပေါ့။ နယူးယောက်တိုင်းသတင်းစာက မြန်မာဘုရင်သီပေါမင်းကို အရက်သမား၊ စိတ္တဇလူသတ်သမားအဖြစ် ပုံဖော်ဝါဒဖြန့်တာ ဗြိတိသျှကိုလိုနီနယ်မြေတွေထိ ပျံ့နှံ့ယုံမှတ်စေတာပဲ။

စိတ်ဓာတ်စစ်ဆင်ရေးပြင်းထန်တဲ့ မီဒီယာလောကမှာ မြန်မာတွေကို အသိ၊ အမှတ်၊ အယူမှားအောင် နည်းမျိုးစုံကိုအသုံးပြုပြီး လှည့်စားခြယ်လှယ်တော့တာပဲ။

**၁။ စိတ္တဝိပ္ပလ္လာသ**= အသိမှားကိုသိထားခြင်း။
အသိဖောက်ပြန်မှု။

**၂။ သညာ** = အမှတ်မှားကိုမှတ်ထားခြင်း။
အမှတ်ဖောက်ပြန်မှု

**၃။ ဒိဋ္ဌိဝိပ္ပလ္လာသ**= အယူမှားကိုယူထားခြင်း။
အယူဖောက်ပြန်မှု

အထက်ပါစိတ်ကိုအညစ်အကြေးအဖြစ် ဖုံးလွှမ်းစေတဲ့ အမြင်၊ အကြား၊ အတွေ့၊ အတွေးအမြင်ရရှိစေပြီး (၁) အသိမှား(၂) အမှတ်မှား(၃)အယူမှားဖြစ်အောင် မှိုင်းတိုက်ခံရခြင်းဟာ ယခုမှမဟုတ်။ ရှေးရှေးနှစ်ပေါင်း ၂၀၀၀ ကျော်၊ ၂၅၀၀ လောက်ကလည်း ရှိခဲ့ကြတာပဲ။ ၂၁ ရာစုမှာတော့ ခေတ်သစ်နည်းပညာများ တစ်ဟုန်ထိုးပြောင်းလဲတိုးတက်တော့ ပိုမိုထိရောက်အောင် မိုးလုံးပြည့်မုသာဝါဒများနဲ့ မှောင်အတိကျစေအောင် သူတို့ကလုပ်ဆောင်နိုင်ကြတယ်။

နည်းပညာအရာအနှစ် ၂၀-၃၀ ခေတ်နောက်ကျနေတဲ့ အဆင့်အတန်းမှာ မိမိတို့အတွက် အားကိုးစရာကတော့ ပညာတတ်အောင်ကြိုးစားချင်စိတ် ထက်သန်ပြင်းပြကြဖို့ရာပဲ။

စကားကြီးဆယ်မျိုးတို့၊ စကားခြောက်ခွန်း၊ လူ့ဌထွန်း၊ လေးခွန်းရှောင်ခွာ၊ နှစ်ခွန်းသာဟောဆိုတဲ့ မြန်မာဓလေ့စကားနဲ့ဆိုင်တဲ့ ဗဟုသုတတွေကိုတော့ ဒီနေရာမှာ မဖော်ပြတော့ပါ။ စာဖတ်သူများ စိတ်ပါဝင်စားရင် အရှင်ဩဘာသာဘိဝံသ ပြုစုတော်မူခဲ့တဲ့ သုတေသနသရုပ်ပြ အဘိဓာန်စာအုပ်မှာ ကြည့်နိုင်ပါတယ်။ ဖျာပုံတိုက်သစ်ဆရာတော် အရှင်ဩဘာသာဘိဝံသ(၁၉၀၆-၁၉၉၉)ရဲ့ ကျေးဇူးတော်ဂုဏ်အနန္တကို ဒီနေရာက ဦးခိုက်ပူဇော်လိုက်ပါတယ်ဘုရား။

သုဘာသိတသုတ်လာစကားအရာအင်္ဂါလေးတန်ဆိုတဲ့ အချက်လေးရပ်ကတော့ သိကိုသိရမယ့်အပြင် မဖြစ်မနေလိုက်နာကျင့်သုံးရပေမှာမို့ ဖော်ပြပါရစေ-

**၁။ သုဘာသိတ**- ကောင်းစွာပြောဆိုရခြင်း။
**၂။ ပီယဝါစာ**- ချစ်ဖွယ်နှစ်သက်ဖွယ်ရှိရခြင်း။
**၃။ သစ္စာ**- မှန်ကန်ဖြောင့်မတ်တည်ကြည်ရခြင်း။
**၄။ ဓမ္မ**- သဘာဝကျ၍ လိုက်နာဖွယ်ရှိရခြင်း။

မကောင်းတဲ့စကားတွေ၊ မမှန်ကန်တဲ့စကားမျိုး၊ မရေရာတဲ့အချက်မျိုး၊ ရိုင်းစိုင်းတဲ့စကား၊ ကြမ်းတမ်းတဲ့စကား၊ ပုတ်ခတ်တဲ့စကား၊ ရှုတ်ချတိုက်ခိုက်တဲ့စကား၊ ဆဲဆိုတဲ့စကား၊ လိမ်ညာတဲ့စကား၊ သဘာဝမကျတဲ့စကား၊ အတင်းအဓမ္မပြောဆိုတဲ့စကား စတဲ့အရာမျိုးတွေ ရှောင်ကြဉ်ရမယ်ဆိုတာ ထင်ရှားပါပြီ။

စကားပြောရာ အင်္ဂါ ၁၀ ပါးဆိုတာ ရှိပါသေးတယ်။ စာမျက်နှာကိုငဲ့သောအားဖြင့် ၁၀ ချက်အနက်မှ **အမှတ်(၁) တစ်ချက်**ကိုသာ နမူနာကောက်နုတ်ဖော်ပြလိုပါတယ်။ ဘာလဲဆိုတော့-

**၁။ ကာလဝါဒီ**- ပြောချိန်ပြောခွင့်သင့်မှ ပြောရခြင်း

အခါတစ်ပါးမှာ လက်ပေါက်ကတ်တဲ့ ပုဏ္ဏားတစ်ဦးက မြတ်စွာဘုရားကို **"မှန်သောစကား၊ အကျိုးရှိသောစကား၊ သူတစ်ဖက်သား နှစ်လိုသောစကားကို အမြဲတစေပြောရမယ်။ ဟုတ်ပါသလားဘုရား"** လို့မေးတယ်။

မြတ်စွာဘုရားကဖြေကြားပါတယ်။

"အသင်ပုဏ္ဏား ဤသို့ ငါဘုရားမဆို။ ထိုသို့သော အင်္ဂါရပ်များနဲ့ ညီတဲ့စကားပင်ဖြစ်စေအုံး ပြောချိန်ပြောခွင့်သင့်ပါမှသာ ပြောရမယ်လို့ ငါဆိုလိုတယ်" အဲသည်လိုတိတိကျကျ အဖြေပေးတော်မူပါတယ်။

"ငါပြောတာ အမှန်ပြောတာပဲ။"

"ငါက အကျိုးစီးပွားရှိမှာကိုပြောတာပဲ။"

"ငါက ယုတ္တိရှိတဲ့၊ သဘာဝကျတဲ့၊ ဓမ္မနဲ့ညီတာ ပြောနေတာဘဲ။ ဘာလို့မပြောရမှာလဲ"

ဒီလိုပြောဆိုနေကြတာမျိုး ကြားရတတ်ပါရဲ့။ ဟုတ်ပါတယ်။ သို့သော် မြတ်စွာဘုရားက အခြေအနေ အချိန်အခါသင့်၊ မသင့် မှန်ကန်စွာဝေဖန်ပိုင်းခြားပြီး သမ္မဇဉ်တရား အသုံးပြုရအုံးမယ်လို့ သေသေချာချာ ဟောတော်မူခဲ့ပါတယ်။ သုတ် သီလက္ခန်။ မူလပဏ္ဏာသမှာပါတယ်။

**သပ္ပဇဉ်တရား ၄ ပါး**

**၁။ သတ္တကသမ္ပဇဉ်**- အကျိုးရှိ၊ မဲ့ ဆင်ခြင်ဉာဏ်ကြီးကဲ
**၂။ သပ္ပါယ** - မိမိနဲ့သင့်လျော်လျောက်ပတ်ဖွယ်ရှိရ
**၃။ အသမ္မောဟ** - တိမ်းပါးချွတ်ချော်မရှိအောင်ဆင်ခြင်
**၄။ ဂေါစရ** - သွားလာကျက်စားရာ၌ တိမ်းပါးချွတ်ချော်ခြင်း မရှိစေရန်ဆင်ခြင်ဉာဏ်ကြီးကဲခြင်း

အကျယ်မဖော်ပြသာသော်လည်း အရိပ်ပြရုံမျှနှင့် အကောင်မြင်နိုင်ကြတဲ့ အသွေးမြင်အသွင်သိ၊ အပွေးမြင်အပင်သိကြတဲ့ စာဖတ်သူများကို အနှစ်သာရအကျဉ်းမှတ်စုမျှသာ တင်ပြချင်သေးတာက အင်္ဂလိပ်လိုပရိသတ်ကိုဟောပြောနည်းတွေမှာလည်း ဒီလိုအကြံပြု လမ်းညွှန်တာတွေရှိနေကြပါတယ်။ TED Talkဆိုတဲ့ အစီအစဉ်မျိုးတွေမှာ Public Speaking အကြောင်း ဟောပြောချက်တွေ ယူကျုမှာ ရှာဖွေလေ့လာတွေ့ရှိနိုင်ပါတယ်။ အကျယ်နားထောင်မှတ်သားနိုင်ကြပါတယ်။

**နိဂုံး**

ဟောပြောသူကောင်းတစ်ယောက် ဖြစ်ဖို့ရာ ဟောပြောချက်ကောင်းတစ်ခု ပေါ်ထွက်လာဖို့ရာ ဒါတွေလိုအပ်ပါတယ်တဲ့-

၁။ Absorb= **ဆွဲဆောင်ဟောပြောရမယ်**
၂။ Believe(or)Trust= **ယုံကြည်စေရမယ်**
၃။ Impact= **ထိရောက်အောင်ပြောဆိုပါ**
၄။ Smile= **ပြုံးပြုံးရွှင်ရွှင်**
၅။ Sweet= **ချိုသာချေငံယဉ်ကျေး**
၆။ Short= **တိုတိုရှင်းရှင်းလိုရင်း**
၇။ Sharp= **ပြတ်သားထင်ရှား**
၈။ Smart= **ရည်မွန်သားနား၊ တော်ရမယ်**
၉။ Logical= **သဘာဝကျ၊ ယုတ္တိဗေဒကျရ**
၁၀။ Validity= **ကျိုးကြောင်းခိုင်လုံမှု**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၅၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၅၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ စပါးဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၅၅၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်နှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**သဲကုန်း ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကရင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ကရင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အရှည်ပေ ၅၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်းနှင့် ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။

အေးမြတ်

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းရွှေက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရက် ၉၀ စပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ရက် ၉၀ စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်အတွင်း ရက် ၉၀ စပါး တင်းရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇလွန်မြို့ကနေ လယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရက် ၉၀ စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ရက် ၉၀ စပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ရော ရေလမ်းနဲ့ပါ တင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်ဝင်းဝင်းရွှေက ပြောပြသည်။



ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သနပ်ပင်မြို့နယ် တောဘုတ်စုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တောဘုတ်စုကျေးရွာ၌ ပဥ္စမအကြိမ် စီမံကိန်းရန်ပုံငွေ ပြန်လည်ထုတ်ချေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက တောဘုတ်စုကျေးရွာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၀၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက တောဘုတ်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၉၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

နှံ့ယဉ်

# ဟင်္သာတမြို့နယ် ပျဉ်စိန်ကျေးရွာ၌ ချောင်းကျောက်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဟင်္သာတ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် လယ်တီကျေးရွာအုပ်စု ပျဉ်စိန်ကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပျဉ်စိန်ကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပျဉ်စိန်ကျေးရွာ၌ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၁ ပေ၊ အမြင့် ၆ လက်မရှိ ချောင်းကျောက်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်းငါးဆယ်၊ စုစုပေါင်းငွေကျပ် သိန်းနှစ်ရာဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ယခုနှစ် ဇွန်လ ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းထံမှ သိရသည်။

ဇင်မာ

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံ**ဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**




## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ ဦးပိုင်အမှတ်(၁၀/ဃ)ရှိ မြေကွက်ပေါ်တွင် မသင်းသင်းအိ(၉/မခန(နိုင်)၂၂၁၃၇၄) ကိုင်ဆောင်သူမှ အလျား ၈၀'-၀"၊ အမြင့် ၅'-၆" ရှိ အုတ်ဝန်းခြံအား ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ အကွက်အမှတ် ၃၆(က)၊ ဦးပိုင်အမှတ်(၉၆)ရှိ မြေကွက်ပေါ်တွင် ဒေါ်ငွေတင်(မြေး)၊ ဦးသန်းအေး(၉/မခန(နိုင်)၀၆၆၈၇၀) ကိုင်ဆောင်သူမှ အလျား ၂၄'-၀"၊ အနံ ၁၆'-၀" ဝါးထရံကာ (၂)ထပ်အဆောက်အဦးအား ဆောက်လုပ်ခွင့်ပြုနိုင်ပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ ဗလုံကျေးရွာနေ မောင်ဂိုလ်ရစည်သူ (ဘ) ဦးမိုးဇော်ဦး(၉/မခန(နိုင်)၂၉၅၉၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-227341)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၃၀၅၁၀၀၈

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၇/ခ)ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ ဦးပိုင်အမှတ်(၁၁၉)ရှိ မြေကွက်ပေါ်တွင် ဒေါ်ရင်မေ(သမီး)၊ ဒေါ်နုနုရီ(၁၃/ကတန(နိုင်)၀၉၈၄၇၂) ကိုင်ဆောင်သူမှ အလျား ၁၈'-၀"၊ အနံ ၁၈'-၀" ဝါးထရံကာ (၂)ထပ်အဆောက်အဦးဆောက်လုပ်ခွင့်ပြုနိုင်ပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အလက (၁၅)ကျောင်း၊ Grade-6(A)တွင် ပညာသင်ကြားနေသော မမှူးမမဟန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစတီးမန်းဖြစ်ပါကြောင်း။ **ဦးစတီးမန်း(၁၄/ဝခမ(နိုင်)၁၃၇၇၆၅)**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေသမားဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-5 မှ မတွယ်တာယုမြတ်နှင့် Grade-3 မှ မောင်ရှိုင်းဝီရအောင်တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသောင်းထိုက်ဖြစ်ပါကြောင်း။

**ဦးသောင်းထိုက်(၉/မတရ(နိုင်)၀၄၀၉၆၆)**

**အဖိုးတန်ရေချိုကို ချွေတာပါ**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုဒ္ဓါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သော “၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ”မှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ- ၁၈

## စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ထိန်းသိမ်းကာကွယ်ခြင်းဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ- ၁၈

## နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စတင်ဖွင့်လှစ်သင်ကြားယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

## မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ် (MTF)ကကြီးမှူး၍ MTF President's Cup Teqball Open Championship 2025 ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်(MTF)က ကြီးမှူး၍ MTF President's Cup Teqball Open Championship 2025 (အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလွတ်တန်းတက်ဂ်ဘောပြိုင်ပွဲ)ကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၂၃ ရက်ထိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်းရှိ MFF Futsal Indoor Stadium ၌ အမျိုးသားတစ်ဦးချင်း(Men Single)၊ အမျိုးသမီးတစ်ဦးချင်း(Women Single)၊ အမျိုးသားနှစ်ယောက်တွဲ(Men Double)၊ အမျိုးသမီးနှစ်ယောက်တွဲ(Women Double)နှင့် အမျိုးသား၊ အမျိုးသမီး စုံတွဲ(Mixed Double) စသည့် **စာမျက်နှာ ၂၂ ကော်လံ ၁** ❍

## စစ်တောင်း၊ ရွှေကျင်၊ သံလွင်၊ ဘီးလင်းမြစ်ရေနှင့် မယ်ဆိုင်ချောင်းရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ **စာမျက်နှာ ၂၂ ကော်လံ ၁** ❑